# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ဆက်လက်ဖြေဆို



**နေပြည်တော် မတ် ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊

*စာမျက်နှာ ၈ ကော်လံ ၁* ❐

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသားကျောင်းသူများ ဆက်လက်ဖြေဆိုနေမှုကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ဥပဒေပြဋ္ဌာန်း | စာ ၃

စားသုံးသူများ အလေးထား အပြန်အလှန် အကျိုးများ

ဆောင်းပါး | စာ ၁၆

အသက်ရှည်စွာ အနာမဲ့ရေး

ဆောင်းပါး | စာ ၆







ဆင်းရဲနွမ်းပါးမှုတွင်းက ရုန်းထွက်လိုနီး ဘင်္ဂလားဒေ့ရှ် နမူနာစီးပွားရေးမူဝါဒ

ဆောင်းပါး | စာ ၁၀

မြန်မာ့အလင်း

# ခေတ်သမိုင်း၏တာဝန် ကျေပွန်စွာထမ်းဆောင်

ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီး နှစ်နိုင်ငံကြားတွင် တည်ရှိနေသည့် မိမိတို့နိုင်ငံမှာ ပထဝီနိုင်ငံရေးရှုထောင့်မှ ကြည့်မြင်ပါက လွန်စွာပင် ထူးခြားလှပြီး အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများပါ ရောပြွမ်းတည်ရှိနေသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတကာရေးရာတွင် နိုင်ငံတိုင်းက အမျိုးသားအကျိုးစီးပွားကိုသာ ရှေးရှုကြရစမြဲဖြစ်ရာ ရောမနိုင်ငံကြီးနှစ်ခုကြားတွင် ရှိနေသည့် မိမိတို့နိုင်ငံအနေဖြင့် ကျစ်လျစ်သိပ်သည်းခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို ထာဝရအကျိုးစီးပွားအဖြစ် မဖြစ်မနေ တည်ဆောက်ထားရန် လိုအပ်သည်ကို နိုင်ငံသားတိုင်းက သိနားလည်ထားကြရန်လိုသည်။

သို့ရာတွင် မိမိတို့နိုင်ငံ၏ မျက်မှောက်ကာလ အခြေအနေမှာ အမျိုးသားစည်းလုံးညီညွတ်မှုတို့ စိုးရိမ်ဖွယ်ရာကောင်းအောင်ပင် လျော့ရဲချည့်နဲ့နေသည်။ အမြော်အမြင် နည်းပါးလှစွာသော နိုင်ငံရေးသမားအချို့၊ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်အချို့နှင့် ပြည်ဖျက်မီဒီယာများ စသည်တို့က ၎င်းတို့အကျိုးစီးပွားများအတွက် ရည်ရွယ်ချက်ရှိရှိဖြင့် တပ်မတော် မုန်းတီးရေး၊ ဗမာလူမျိုး မုန်းတီးရေး လုပ်ကြံဖန်တီးမှုများ၊ ဝါဒဖြန့်ချိမှုများကို နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်လျက်ရှိသည်။ အဆိုပါ ဆောင်ရွက်ချက်များသည် ပြီးခဲ့သည့် အင်န်အယ်လ်ဒီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း အရှိန်အဟုန်မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ပြည်သူလူထု၏ အချို့သော အစိတ်အပိုင်းများအတွင်း တပ်မတော်၏ တည်ရှိမှုနှင့် ရပ်တည်ချက်အပေါ် ဆန့်ကျင်သည့်အမြင်များ ဖြစ်ပေါ်လာခဲ့သည်။ ထို့အပြင် ဗမာလူမျိုးကြီးဝါဒဟူ၍ မည်သည့်အခါကမျှမရှိခဲ့သောဝါဒကို အခြေအမြစ်မဲ့ စွပ်စွဲမှုများ၊ တိုင်းရင်းသားလူမျိုးအားလုံးက ဗမာလူမျိုးအပေါ် အထင်အမြင်လွဲမှားမုန်းတီးမှုများ ဖြစ်ပေါ်လာအောင် ဝါဒဖြန့်ချိမှုများ၊ ဗမာအများစုယုံကြည်ကိုးကွယ်ကြသည့်ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်၍လည်း နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြရာ ထွက်ပေါ်လာသည့်ရလဒ်မှာ ၁၃၅ မျိုးသော မြန်မာတိုင်းရင်းသားများအတွင်း စည်းလုံးညီညွတ်မှုလျော့နည်းလာခြင်း၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွား ယုတ်လျော့လာခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှာပင် နိုင်ငံသစ်တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့သည့် အစ္စရေးနိုင်ငံကိုကြည့်လျှင် မိမိတို့အတွက် သင်ခန်းစာရယူနိုင်သည်။ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား ၁၃၀ ကျော် ရှိသကဲ့သို့ပင် အစ္စရေးနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ ကျော်မှ ပြန်လည်ပြောင်းရွှေ့လာကြသည့် မတူညီသော ဒေသနောက်ခံများမှ ဂျူးလူမျိုးများ စုပေါင်းနေထိုင်ကြခြင်းဖြစ်ပြီး ဘေးပတ်ဝန်းကျင်ရှိ အာရပ်နိုင်ငံ အားလုံးက အစ္စရေးနိုင်ငံ ဖြစ်တည်လာမှုကို လက်မခံသော၊ ဆန့်ကျင်သော နိုင်ငံများသာဖြစ်သည်။ နိုင်ငံအချို့ကဆိုလျှင် အစ္စရေးကို မြေလှန်၍ ဂျူးလူမျိုးအားလုံးကို ပင်လယ်ထဲသို့ မောင်းချရန်အထိပင် ရန်လိုခက်ထန်ကြသည်။ သို့ဖြစ်ရာ အစ္စရေးနိုင်ငံကို တည်ထောင်ခါစ ပထမမျိုးဆက် ဂျူးတို့မှာ နိုင်ငံတည်ရှိမှုနှင့် ၎င်းတို့၏ အသက်ရှင်သန်မှုတို့မှာ တစ်ထပ်တည်းပင်ဖြစ်နေသည့်အလျောက် နိုင်ငံတည်တံ့ရေးအတွက် နိုင်ငံသားတိုင်း ရန်းကန်ကြိုးပမ်းကြရသည်။ ရန်လိုမုန်းတီးနေသူ ထံမှ ငြိမ်းချမ်းရေးနှင့် သက်ညှာမှုကို မျှော်လင့်နေ၍မရသည့် အလျောက် အရွယ်ရောက်သူတိုင်း သေနတ်ကိုင်၊ စစ်ပညာသင်ကြရသည်။ မိမိပိုင်နက်၊ မိမိပြည်သူ၊ မိမိအကျိုးစီးပွားကို ထိပါးသည်နှင့် အဆိပ်ပြင်းသည့် မြွေတစ်ကောင်သဖွယ် ချက်ချင်းတုံ့ပြန်သည်။ ယဉ်ကျေးမှု မြင့်မားပါသည်ဟူသော လူသားကမ္ဘာနှင့် လူ့အသိုင်းအဝိုင်းသည် ယနေ့ထက်တိုင် Might Is Right ဟူသော တောနက်ကြီးဥပဒေကိုသာ ကျင့်သုံးနေဆဲဖြစ်ရာ တစ်ခဲနက် ခိုင်မာသော စည်းလုံးညီညွတ်မှုနှင့် စစ်ရေးအသင့်ရှိမှုတို့ကြောင့်သာ အစ္စရေးနိုင်ငံ ယနေ့တိုင်တည်တံ့နေခြင်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်တို့က ပြည်တွင်းစည်းလုံးညီညွတ်မှုနှင့် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိမှုတို့ကို တောင်းဆိုနေပြီဖြစ်သည်။ သို့ဖြစ်ရာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ပြဋ္ဌာန်းခဲ့ပြီး သက်ဝင်ကျင့်သုံးခြင်းမရှိခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်စေကာ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတာဝန်ထမ်းဆောင်ရန် လိုအပ်လာပြီဖြစ်သည့်အလျောက် မိမိတို့ခေတ်တွင် မိမိတို့ ပခုံးပေါ်ကျရောက်လာသည့် ခေတ်သမိုင်း၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ယူနိုင်ကြပါစေကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများ အနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ထားဝယ် မတ် ၁၂**

၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အကြံပြု ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘွဲ့တံဆိပ်တော်အချို့ကို နေပြည်တော်တွင် ဆက်ကပ်မည်ဖြစ်ပြီး ကျန်ဘွဲ့တံဆိပ်တော်များကို တိုင်းဒေသကြီးများတွင် တစ်ပြိုင်တည်း ဆက်ကပ်မည်ဖြစ်ကြောင်း၊တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ထားဝယ်နှင့် မြိတ်မြို့များတွင် ဆက်ကပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနေပြည်တော်သို့ ကြွရောက်မချီးမြှင့်နိုင်သောကြောင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်သိက္ခာနှင့် လျော်ညီအောင် သန့်ရှင်းသပ်ရပ်မှုနှင့် စည်ကားစွာ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ တပေါင်းလပြည့်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ကော်မတီဝင်များက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး၊ သံဃာတော်များ ပင့်လျှောက်ရေးနှင့် ဧည့်သည်တော်များကြိုဆိုပင့်ဆောင်ရေး၊ နေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ရေး၊ ဆွမ်းဆန်စိမ်း လောင်းလှူရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့် လုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

## ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇ / ၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဠ)၊ (ဗ)၊ (ရ) နှင့် (လ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဠ) သိုလှောင်ခြင်းဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သောလမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။

(ဗ) သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ရ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(လ) ဝန်ကြီးဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၈ / ၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် မတ် ၁၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်ဖြစ်သူ Mr. Carl Johan Orrenius Skau အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် WFP အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ Mr. Carl Johan Orrenius Skau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အီတလီနိုင်ငံ ရောမမြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်ဖြစ်သူ Mr. Carl Johan Orrenius Skau နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် WFP အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အီတလီနိုင်ငံ ရောမမြို့ရှိ WFP ရုံးချုပ်၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ WFP ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(World Food Programme-WFP)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Chief Operation Officer) Mr.Carl Johan Orrenius Skau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme–WFP)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ် (Chief Operation Officer) Mr. Carl Johan Orrenius Skau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်တို့သည် မြန်မာနိုင်ငံအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့တက်ရောက်ပြီး ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်နှင့်အတူ WFP ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. John Aylieff၊ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme –WFP) မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**



---

# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**ရန်ကုန် မတ် ၁၂**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနတို့တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိရာ စနစ်သစ်ပထမနေ့၌ မြန်မာစာဘာသာရပ်ကို ၁၂၈၈၀၁ ဦး ဖြေဆိုခဲ့ပြီး ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဖြေဆိုကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးခြားမှုတစ်ခုအဖြစ် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ အသက် ၆၂ နှစ်ရှိ ဦးစိန်မြင့် ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်နေ့တွင်လည်း ဘာသာရပ်အပေါ် စိုးရိမ်မှုကင်းစင်စွာ ဖြေဆိုနိုင်ခဲ့သောကြောင့် မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး စာမေးပွဲဖြေဆိုလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာပုံကို ဤသို့ ပြောကြားသည်။

“ကျွန်တော် ၁၉၈၂ ခုနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဆဗထ – ၁၉၈၉ ခုံအမှတ်နဲ့ ဖြေခဲ့ဖူးတယ်။ နဝမတန်းကိုတော့ ဒလမြို့နယ် အမှတ်(၁)အထက်တန်းကျောင်းကနေ အောင်ခဲ့တာပါ။ ပညာကို လိုချင်ပေမယ့် မိဘရဲ့စီးပွားရေးအခြေအနေကြောင့် ပညာရေးရပ်ခဲ့ရပါတယ်။ အိမ်ထောင်ကျတဲ့အခါ မိသားစုအရေးနဲ့ ကလေးတွေ အနာဂတ်ကြိုးစားပြီး မြေတောင်မြှောက်ပေးခဲ့ပါတယ်။ သားဖြစ်သူက လေးဘာသာဂုဏ်ထူးနဲ့ အောင်ပြီး ဆေးကျောင်းမရတဲ့အတွက် ကွန်ပျူတာတက္ကသိုလ်ကို ပို့နိုင်ခဲ့တယ်။ အခုသားက အမေရိကန်နိုင်ငံမှာ ဆော့ဝဲလ်နဲ့ပတ်သက်တဲ့ လုပ်ငန်းမှာ လုပ်ကိုင်နေပါပြီ။ ကျွန်တော် တက္ကသိုလ်ဝင်တန်း အောင်ချင်တယ်၊ ဘွဲ့ပုံကိုသားနဲ့ အတူချိတ်ပြီး ကျွန်တော့မိဘကို ပြချင်တယ်။ ဖြေဆိုဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် အခုမှ အကောင်အထည်ဖော်နိုင်ခဲ့တာပါ။ အသက်အရွယ်အရ အများကြီးကြိုးစားရမယ်ဆိုတာလည်း သိထားပါတယ်။


“စာမေးပွဲအတွက် အိမ်မှာ Guide ခေါ်ပြီး ပြင်ဆင်ခဲ့တယ်။ စနစ်သစ်ဘာသာရပ်ဆိုတော့ မှတ်မှတ်ရရလည်း ကျန်ခဲ့မှာပါ။ မြန်မာစာနေ့မှာ ကောင်းကောင်းဖြေနိုင်ခဲ့တယ်။ ဒီနေ့အင်္ဂလိပ်စာကိုလည်း ဖြေနိုင်တာကြောင့် မိသားစုလည်း



ဒေါက်တာခင်သူဇာစိန်

ဝမ်းသာနေကြပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ရင်အခုန်ဆုံးအချိန်ဟာ သံချောင်းခေါက်သံနဲ့ မေးခွန်းစာရွက် စတင်ဝေတဲ့အချိန်ပါပဲ။ ဟိုတုန်းက ခံစားမှုကို အသက် ၆၀ ကျော်မှာ ပြန်လည်ခံစားရရှိတာဟာ ဘာနဲ့မှလဲလို့မရတဲ့ ပညာရဲ့ ဂုဏ်သတ္တိလို့ ဆိုရမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ အသက် ၇၀ ကျော် ဦးလေးတစ်ဦးလည်း ဖြေဆိုခဲ့ဖူးတာကြောင့် စာမေးပွဲဆက်ဖြေဖို့ ခွန်အားတစ်ခုလည်း ဖြစ်စေခဲ့ပါတယ်။ ကျွန်တော်ကြိုးစားပြီး ဖြေဆိုသွားမှာပါ”ဟု ပြောကြားသည်။

ဗိုလ်တထောင်ခရိုင် ပညာရေးမှူး



ဦးအောင်လွင်

ဒေါက်တာခင်သူဇာစိန်က “မနေ့က မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူတွေ ပျော်ပျော်ရွှင်ရွှင် ဖြေဆိုသွားတာ တွေ့ရပါတယ်။ အမှတ်(၆) အထက်တန်းကျောင်း စာစစ်ဌာနမှာ အသက် ၆၂ နှစ်အရွယ် ဦးလေးတစ်ဦး ဖြေဆိုနေပါတယ်။ Grade – 12 ဘာသာရပ်ကို စိတ်ဝင်စားတာရယ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်လိုတဲ့ စိတ်ဆန္ဒတွေကြောင့် ဖြေဆိုတာလို့ သိရပါတယ်။ မြန်မာစာဖြေဆိုနိုင်ပြီးတော့ အင်္ဂလိပ်စာဖြေတဲ့နေ့မှာလည်း စိတ်အားထက်သန်စွာ လာရောက်ဖြေဆိုတာကို တွေ့ရပါတယ်။ အခုလို စိတ်ဝင်တစားဖြေဆိုတာ တွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ Grade–12 သင်ရိုးသစ်ဘာသာရပ်နဲ့ပတ်သက်ပြီး နွေရာသီမှာ ဆရာ ဆရာမတွေကို မွမ်းမံသင်တန်းတွေ ပေးသွားဖို့ ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း ကူညီပေးကြပါတယ်။ စိတ်အေးချမ်းစွာဖြေဆိုနိုင်အောင် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ ဌာနဆိုင်ရာတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က “၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မကျင်းပမီကတည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့က စာမေးပွဲကာလမှာ အုပ်ချုပ်ရေးအပိုင်းနဲ့ လုံခြုံရေးအပိုင်းမှာ စိတ်အေးချမ်းသာစွာနဲ့ အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်အောင် ဝိုင်းဝန်းပံ့ပိုးပါဆိုတဲ့ ညွှန်ကြားချက်ရှိပါတယ်။ အခုစာမေးပွဲက ထူးခြားမှုနှစ်ခုရှိတယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ပထမအချက်က စနစ်သစ်စတင်ဖြေဆိုရတဲ့နှစ်လည်း ဖြစ်ပါတယ်။ ပိုပြီးခက်ခဲမလားဆိုတဲ့စိတ်လည်း ရှိနိုင်ပါတယ်။ ဒုတိယအချက်က ဗိုလ်တထောင် အမှတ်(၆) အထက်တန်းကျောင်း စာစစ်ဌာနမှာ အသက် ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦး ဝင်ရောက်ဖြေဆိုနေတာဟာလည်း ထူးခြားမှုတစ်ခုပါပဲ။

“အချို့ နေရပ်စွန့်ခွာလာတဲ့ကလေးတွေ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုနိုင်အောင် စီမံဆောင်ရွက်ပေးဖို့ ညွှန်ကြားထားတဲ့အတွက် အခြေခံပညာအဆင့်မှာ ၆၈ ဦး ပညာသင်ကြားခွင့် ရရှိခဲ့ပြီးတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ၁၁ ဦး ဖြေဆိုနေကြပါတယ်။ စာမေးပွဲဖြေဆိုနေစဉ်အတွင်းမှာ အသံဆူညံမှုမရှိအောင်နဲ့ စာမေးပွဲဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့မှုများရှိရင် အမြန်ဆုံးသွားရောက်ယူဆောင်နိုင်အောင် ယာဉ်/ ဆိုင်ကယ်တွေ အသင့်ထားရှိပေးထားပါတယ်။ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်အောင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ရပ်ကွက်ပြည်သူ့လုံခြုံရေးအဖွဲ့တို့ ပူးပေါင်းပြီး ဗိုလ်တထောင်ခရိုင်အတွင်းက စာစစ်ဌာန ငါးခုက စာဖြေကျောင်းသား ၉၇၈ ဦးရဲ့ လုံခြုံရေးကဏ္ဍကို အပြည့်အဝဆောင်ရွက်ထားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး အောင်မြင်ပြီးမြောက်တဲ့အထိ ဆောင်ရွက်သွားမှာပါ” ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့ အင်္ဂလိပ်စာဘာသာရပ်၌ ကျောင်းသား ကျောင်းသူ ၁၈၀၄၅ ဦး ဖြေဆိုခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲအား လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် မတ် ၁၂

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတရွေးကောက်ပွဲအား လေ့လာရန်နှင့် မော်စကိုမြို့တွင်ကျင်းပမည့် International Scientific and Practical Conference သို့ တက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထွက်ခွာသွားကြသည်။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်နှင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတရွေးကောက်ပွဲအား လေ့လာခြင်းနှင့် International Scientific and Practical Conference သို့ တက်ရောက်ခြင်းအားဖြင့် ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံနည်းစနစ်များ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု နည်းလမ်းများ၊ ရွေးကောက်ပွဲတွင် နည်းပညာအသုံးပြု ဆောင်ရွက်နေမှုများကို လေ့လာသိရှိနိုင်မည့်အပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာသူများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခွင့်များ၊ အတွေ့အကြုံမျှဝေခွင့်များ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တပ်ကုန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါးနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၁၂**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါးနှင့် ဝါသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။ (ယာပုံ)

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဓမ္မာရုံ၌ ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်း အမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ဝါစိုက် တောင်သူများအနေဖြင့် ဝါသီးနှံများ အထွက်တိုးရေး၊ မျိုးကောင်း မျိုးသန့်ရရှိရေး၊ ဈေးကွက် သေချာစွာရရှိရေးသည် အရေးကြီးကြောင်း၊ ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထွက်ရှိလာသော ဝါများကို ချည်ဖြစ်သည်အထိ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာန၊ ပုဂ္ဂလိက အသေးစား အလတ်စား လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူရရှိရေးနှင့် လိုအပ်သော အရင်းအနှီးများ ရရှိရေးအတွက် MSME ချေးငွေမှရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဝါအထွက်တိုးရေး၊ ဖူလုံရေး၊ ဈေးကွက်ရရှိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နေပြည်တော် အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် နှမ်းစပါး စိုက်ဧက ၆၄၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စိုက်ဧကများ အနက်မှ တပ်ကုန်းမြို့နယ် အပါအဝင် ပျဉ်းမနား၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ စသည့် မြို့နယ် ငါးမြို့နယ်မှ စိုက်ဧကပေါင်း ၃၂၀၀ ကျော်ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ကျန်စိုက်ဧကများကို အသင်းသားတောင်သူများ၏ အစီအစဉ်ဖြင့် ထွန်ယက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး လိုအပ်သည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် စိုက်ပျိုးနိုင်သည့် မြေများပေါ်တွင် မိုးသီးနှံအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးခြင်းအားဖြင့် ကျေးရွာတောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည့်အတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျေးရွာတောင်သူများအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေ ပေးသွင်းကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဝါစိုက်တောင်သူများ၊ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလိုအပ်မှု တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးထားရှိမှု၊ ဝါစိုက်ပျိုးထားရှိမှု၊ ခရမ်းချဉ်၊ ကြက်သွန်စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး

**ပုသိမ် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စာစစ်ဌာနအသီးသီး၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်အား အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာရှိ တောင်သူ ဦးထွန်းသွင်၏ တစ်နှစ် သုံးသီးစိုက်ပျိုးထားရှိသည့် လယ်မြေဧက ၅၀ တွင် တတိယသီးနှံ နွေစပါး GW-11 စိုက်ခင်းအား မြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့အောက်ပိုင်း အခြေခံပညာ အထက်တန်းကျောင်းခွဲ စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့၊ အင်္ဂလိပ်စာဘာသာရပ်ကို အေးချမ်းစွာဖြေဆိုနေမှုများ ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် အင်းမကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့၊ အင်္ဂလိပ်စာ ဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုနေမှုများ ကြည့်ရှုအားပေးပြီး ပန်းတနော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ထို့သို့ စာစစ်ဌာနများကို လှည့်လည်ကြည့်ရှုအားပေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ အပြည့်အဝပေးနိုင်ရေး၊ လုံခြုံရေးကိစ္စရပ်များ အထူးဂရုပြုဆောင်ရွက်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အသက်ရှည်စွာ အနာမဲ့ရေး

**အားကစားဝါသနာရှင်တစ်ဦး**

**တပို့တွဲမှာ တပေါင်းရာသီပြောင်းသော်လည်း နံနက်ခင်းလေနုအေးက သန့်ရှင်းလတ်ဆတ်အေးမြဆဲ။ ကုန်းမို့တစ်ခု၊ ခုံးကျော်တံတားတစ်ခုတွေ့လျှင် စက်ဘီးကို တွန်းမသွားဘဲ ရအောင်နင်းတက်မည်ဟူသောစိတ်ဖြင့် စက်ဘီးကိုခပ်သွက်သွက်အားစိုက်နင်းခဲ့မှုကြောင့် စို့ထွက်လာသောချွေးများသည်ပင် နံနက်ခင်း တိုက်ခတ်လာသည့် လေပြည်လေညှင်းတို့ကြောင့် တစ်မုဟုတ်ချင်းအေးမြသွားကာ အမောပြေသွားသည်။**

**“လေကောင်းတွေ ရှူရှိုက်ကြ၊ သဘာဝကိုမှီဝဲကြ၊ ဒီနေ့သစ်ဟာ၊ တို့ကိုအောင်မြင်မှုအသစ်တွေ၊ ပေးလာမယ်”** နိုင်ငံကျော်တေးသံရှင် စိုင်းထီးဆိုင်၏ “နေ့သစ်”သီချင်းကို ဖျတ်ခနဲသတိရလိုက်သည်။ နံနက်ခင်းလေကောင်းလေသန့်တွေကို ရှူရှိုက်ခြင်း၊ ရန်ကုန်မြို့ကြီးမနိုးထခင်၊ ကားသံ၊ လူသံများကင်းဆိတ်ချိန်၊ ကျေးငှက်တို့ တေးဆိုချိန်အတွင်း ပင်ကိုပြကတေ့ သဘာဝကို သူ့သဘာဝအတိုင်း ရှုမြင်ခံစားလိုက်ရသည့်အခိုက်တွင် နေ့သစ်သည် ကျွန်တော်တို့ကို အောင်မြင်မှုအသစ်များ မွေးဖွားပေးခဲ့ပါသည်။



ရှန်ဟိုင်းမြို့ အများပြည်သူအပန်းဖြေနေရာတစ်ခု၌ ထိုက်ကျိအားကစားနည်းဖြင့် နံနက်ခင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်နေကြသူများ။

> ☼ **နယ်သာလန်နှင့် ကနေဒါနိုင်ငံတို့မှ အသစ်လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက်အရွယ်ကတည်းက ကာယလှုပ်ရှားမှု၊ အားကစားပုံမှန် ပြုလုပ်သူများသည် အသက်ကြီးလာချိန်တွင်လည်း မှတ်ဉာဏ်ချို့ယွင်းမှုအန္တရာယ် ဖြစ်နိုင်ခြေ နည်းပါးသည်ဟုဆိုသည်။ ကိုယ်လက်လှုပ်ရှားမှုဟုဆိုရာတွင် ရေကူးခြင်း၊ ပြေးခြင်း၊ လမ်းလျှောက်ခြင်းနှင့် ကခုန်ခြင်းတို့ ပါဝင်သည်။ ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများက များပြားလှပေသည်**

အောင်မြင်မှုအသစ်ဟူသည်ကား ရခဲလှသည့် လူ့ဘဝတွင် အသက်ရှည်စွာ အနာမဲ့ရေးပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဓမ္မစာပေကျမ်းဂန်ထဲတွင်လည်း “အာရောဂျ ပရမာ လာဘာ” (အရပ်အခေါ် အာရောဂျံ ပရမံ လာဘံ) လာဘာ – လာဘ်တကာ လာဘ်တို့တွင်၊ ပရမာ– အနာကင်းမဲ့မှုက သာလွန်သည်ဟု ဖွင့်ဆိုဖော်ပြခဲ့ပါသည်။ မှန်ပေသည်။ အနာကင်းခြင်းသည် လာဘ်ကြီးတစ်ခု၊ ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ခုဖြစ်သည်။ ကျန်းမာခြင်းသည် လောကတွင် ချမ်းသာခြင်းတစ်မျိုးဖြစ်သည်။ ကျန်းမာမှ စားချင်ရာ စားနိုင်သည်။ ဝတ်ချင်ရာ ဝတ်နိုင်သည်။ စိတ်သွားတိုင်း ကိုယ်ပါသည်။ သွားချင်ရာသွားနိုင်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်မြတ်နိဗ္ဗာန်ကို ဆိုက်ရောက်ရေးအတွက် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ကျင့်ကြံပွားများအားထုတ်ရာတွင်ပင် ကျန်းမာဖို့လိုသည်။

### ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်

မြတ်စွာဘုရားရှင်က လောကုတ္တရာတရားထူးကို လွယ်လင့်တကူ သိမြင်နိုင်ရေးအတွက် လိုအပ်သည့်အရည်အချင်းများအဖြစ် ဟောကြားတော်မူခဲ့သော ပဓာနိယင်္ဂတရား ငါးပါးတွင် ကျန်းမာရေးနှင့်ပတ်သက်၍ “ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်”ဟု ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။ မကြာသေးမီ ရက်ပိုင်းအတွင်းက အသိမိတ်ဆွေတစ်ဦး လေဖြန်းသွား၍ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ သတင်းမေးရောက်ခဲ့သည်။ သူ့တွင် သွေးတိုး၊ ဆီးချိုရောဂါရှိသည်။ အစားအသောက်မဆင်ခြင်၊ စားချင်ရာစားပြီးမှ ဆေးသောက်လေ့ရှိသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းသည်။ လမ်းလျှောက်လျှင် မောပန်း၍လမ်းမလျှောက်ချင်၊ ဟိုနား ဒီနား အငှားယာဉ်ဖြင့်သာ သွားတတ်သည်။ လမ်းလျှောက်ပျင်းသူ သက်လတ်ပိုင်းအမျိုးသမီး အသိမိတ်ဆွေတစ်ဦးလည်း ရှိသေးသည်။ သူကား ရုံဖန်ရုံခါ သွေးတိုးသည်မှလွဲ၍ မောခြင်းပန်းခြင်းမရှိ။ လမ်းလျှောက်ပျင်းရှိခြင်း သက်သက်သာဖြစ်သည်။ ဗိုလ်ချုပ်လမ်းထိပ်နှင့် ပုဇွန်တောင်ဈေးသို့ပင်လျှင် ဈေးသွားဈေးပြန်ဆိုက်ကားစီးလေ့ရှိသည်။



တရုတ်နိုင်ငံမြို့တော်များရှိ လမ်းဘေးပလက်ဖောင်းဧရိယာတွင် အများပြည်သူငှားရမ်းအသုံးပြုနိုင်သည့် စက်ဘီးများကို တွေ့ရစဉ်။

ယခုလတ်တလော လေဖြတ်လူနာများ များနေသည်။ သက်ကြီးပိုင်းသာမက သက်ငယ် လူငယ်ပိုင်းပါ လေဖြတ်ကြကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အဖြစ်များနေသော ရောဂါများတွင် လေဖြတ်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး ဒုတိယသေဆုံးမှုနှုန်းအများဆုံး ရောဂါတစ်ခုလည်းဖြစ်လာသည်။ ကမ္ဘာ့လေဖြတ်ရောဂါအဖွဲ့အစည်း (World Stroke Organization)၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် နှစ်စဉ်လေဖြတ်လူနာအသစ် ၁၃ သန်းခန့်ရှိပြီး နှစ်စဉ်လူဦးရေငါးသန်းခွဲခန့်သည် လေဖြတ်ရောဂါကြောင့် အသက်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ လေဖြတ်စေသည့်အဓိကအကြောင်းရင်းများတွင် သွေးတိုးရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး သွေးတိုးရောဂါကိုသေသေချာချာ ကုသမှု မခံယူပါက လေဖြတ်နိုင်ခြေ ပုံမှန်ထက် ခုနစ်ဆပိုများကြောင်း ဆေးပညာရှင်များကဆိုသည်။

### လေမဖြတ်အောင် ကြိုတင်ကာကွယ်

လေမဖြတ်အောင် ကြိုတင်ကာကွယ်သည့် အနေဖြင့် ကျန်းမာရေးနှင့်အညီ လတ်ဆတ်သော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များ ပုံမှန်စားခြင်း၊ အသင့်အစားအစာ၊ ဆီကြော်စာ၊ အချို၊ အငန်ပါဝင်မှုများသော အစာများကို ရှောင်ခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်း၊ ညဘက်အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင်နေခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်လျှော့သောက်ခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်း၊ သွေးပေါင်ချိန်ပုံမှန်တိုင်းခြင်းတို့ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများအနက် စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အဖိုးနည်းဝန်ပါသည့် လေ့ကျင့်ခန်းများဖြစ်သည်။ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေကို ပုံမှန်စက်ဘီးစီးခြင်းဖြင့် လျှော့ချပေးနိုင်ကြောင်း သုတေသနလေ့လာဆန်းစစ်ချက်များအရ သိရသည်။ ထို့ပြင် သွေးလည်ပတ်မှုကောင်းစေပြီး ကိုလက်စထရောများခြင်း၊ အဝလွန်ခြင်းများ မဖြစ်အောင် ထိန်းညှိပေးသည်ဟုလည်းဆိုသည်။

သုတေသန လေ့လာတွေ့ရှိချက်များအရ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် တစ်ပတ်ကို အနည်းဆုံး ကယ်လိုရီ ၂၀၀၀ လောင်ကျွမ်းအောင်လုပ်နိုင်သည်ဟု သိရသည်။ တစ်နာရီခန့် စက်ဘီးစီးခြင်းဖြင့် ကယ်လိုရီ ၃၀၀ ခန့် လောင်ကျွမ်းအောင်လုပ်နိုင်ပြီး တစ်နေ့လျှင် နှစ်ကြိမ်ခန့် စက်ဘီးစီးခြင်းဖြင့် ကယ်လိုရီများကို မြန်မြန်ဆန်ဆန် လောင်ကျွမ်းစေသည်ဟု ဆိုသည်။ စက်ဘီးစီးခြင်းသည် ကိုယ်အလေးချိန်ချရန်နှင့် ကိုယ်အလေးချိန်ထိန်းရန် အထိရောက်ဆုံး နည်းအဖြစ်ယူဆကြသည်။

ထို့အတူ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ သွေးတိုးနှင့်ဆီးချိုရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း၊ ခွန်အားမြှင့်တင်ပေးခြင်း၊ ကြွက်သားတည်ဆောက်ပေးခြင်း၊ အဆုတ်ကျန်းမာရေးပိုကောင်းစေခြင်း၊ ဦးနှောက်စွမ်းအားတိုးမြှင့်ပေးခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးသာမက စိုးရိမ်ပူပန်မှု၊ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျမှုပမာဏများကို လျှော့ချပေးသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပါ များစွာအထောက်အကူပြုနိုင်ကြောင်း သိရသည်။ နံနက်ခင်းပိုင်း စက်ဘီးစီးခြင်းသည် အကျိုးကျေးဇူးများကို ပိုရရှိနိုင်စေသည်ဟု ဆိုသည်။ အဆီကျခြင်းနှင့် ကိုယ်အလေးချိန်ထိန်းခြင်းကို စွမ်းဆောင်ကူညီပေးနိုင်သည်ဟု ဆိုသည်။

### လူ့သက်တမ်းကို ခုနစ်နှစ်တိုးစေ

နေ့စဉ်တစ်နေ့ နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ခြင်းကလည်း လူ့သက်တမ်းကို ခုနစ်နှစ် တိုးစေသည်ဟု ဆေးပညာရှင်များကဆိုသည်။ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် အသည်းအဆီဖုံးခြင်း၊ သွေးတွင်းအဆီများနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကို ဖယ်ရှားပေးခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ အဝလွန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်ခြင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးပွရောဂါနှင့် အိပ်မပျော်သည့်ရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ သွေးတွင်းရှိမကောင်းသည့် အဆီများကို ကျစေခြင်းဖြင့် သွေးတိုး၊ နှလုံးရောဂါ၊ လေဖြတ်၊ လေငန်းရောဂါဖြစ်နှုန်းကို လျှော့ကျစေသည်။

နယ်သာလန်နှင့် ကနေဒါနိုင်ငံတို့မှ အသစ်လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက် အရွယ်ကတည်းက ကာယလှုပ်ရှားမှု၊ အားကစားပုံမှန်ပြုလုပ်သူများသည် အသက်ကြီးလာချိန်တွင်လည်း မှတ်ဉာဏ် ချို့ယွင်းမှုအန္တရာယ်ဖြစ်နိုင်ခြေ နည်းပါးသည်ဟု ဆိုသည်။ ကိုယ်လက်လှုပ်ရှားမှုဟုဆိုရာတွင် ရေကူးခြင်း၊ ပြေးခြင်း၊ **စာမျက်နှာ ၇ သို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်းစိန်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး သွေးကြောသွင်းဆေးရည်များထုတ်လုပ်မှု၊ ဆေးဝါးများထုတ်လုပ်ရာတွင် လိုအပ်သည့် အထောက်အကူပြုအလုပ်ရုံများ၊ ကုန်ကြမ်းသိုလှောင်ရုံများနှင့် စက်ရုံနေ့ ကလေးထိန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံမှူးက ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးဝါးများထုတ်လုပ်ပေးခဲ့မှုနှင့် ထုတ်လုပ်ပေးရန် ကျန်ရှိနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်စွမ်းအားအရ ဆေးပြား၊ ဆေးရည်၊ ဆေးတောင့်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ကာကွယ်ကုသဆေး၊ မြွေဆိပ်ဖြေဆေး၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး၊ လက်သန့်ဆေးရည်နှင့် သွားတိုက်ဆေးတို့ ထုတ်လုပ်နိုင်မှုအခြေအနေကို အခြေခံ၍ စနစ်တကျတွက်ချက်ရန်၊ ဆေးဝါးများတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို လက်တွေ့ကျကျ ရေးဆွဲဆောင်ရွက်ရန်၊ ထို့ပြင် စက်ပစ္စည်းများ စဉ်ဆက်မပြတ်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေးအတွက် လူ၊ ကုန်ကြမ်း၊ စက်ပစ္စည်း၊



နည်းစဉ်၊ အရည်အသွေးအာမခံမှုနှင့် အရည်အသွေးထိန်းသိမ်းခြင်းစသည်တို့ကိုအသေးစိတ်တွက်ချက်ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာကေတမြို့နယ်ရှိ ယုဇနဆီအုန်းစက်ရုံသို့ ရောက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် စက်ရုံအား စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်၍ ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ ဆီအထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်နှင့် လိုအပ်သော သွင်းအားစုများကို အပြည့်အဝ ဖြည့်ဆည်းပေးရန်၊ စက်မှုဝန်ကြီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်ရှိ အဆင့်တိုင်းတွင် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ စားအုန်းဆီသန့်များ ထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကြည့်ရှု

**မန္တလေး မတ် ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာ အထက်တန်း ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုသည်။ (ဝဲပုံ)

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ယန္တရား) သို့ရောက်ရှိပြီး အခြားအရပ်ဒေသများတွင် စာဖြေခွင့်တင်ထားပြီး အခြေအနေအကြောင်းအမျိုးမျိုးကြောင့် စာဖြေဆိုရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်နှစ်ဆုံးရှုံးမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးထားရာ ဝင်ရောက်ဖြေဆိုနေမှုများ၊ ယင်းနောက် ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်ကျောင်းနှင့် စဉ့်ကိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (စဉ့်ကိုင်) နေရာများသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကာ တိုင်းဒေသကြီး/မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ထောက်ပံ့ ကိစ္စရပ်များ ဆောင်ရွက်ပေးနေကြသူများအား အားပေးစကားများပြောကြားသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၇၄ ခု ဖွင့်လှစ်ထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၁၉၄၁၃ ဦး၊ ပျက်ကွက် ၈၀၃ ဦးရှိရာ (ဖြေဆိုမှု ၉၆ ဒသမ ၀၃ ရာခိုင်နှုန်း) ရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

လမ်းလျှောက်ခြင်းနှင့် ကခုန်ခြင်းတို့ပါဝင်သည်။ ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများက များပြားလှပေသည်။

မျက်မှောက်ကာလတွင် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း ပုံမှန်လုပ်ဆောင်သူအရေအတွက် များပြားလာသည်။ ရန်ကုန်မြို့ရှိ အထင်ကရ ကန်တော်ကြီး၊ အင်းလျားကန်စောင်းအပါအဝင် မြို့နယ်အသီးသီးရှိ အပန်းဖြေဥယျာဉ်များ၊ ပန်းခြံများတွင် လမ်းလျှောက်သူ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဆောင်ရွက်သူ၊ စက်ဘီးစီးသူ အများအပြားကို တွေ့မြင်လာရသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနခွဲများမှ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Fitness Dance) ကစားမှုများကို ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးချိန် ညနေ ၄ နာရီမှ ၄ နာရီခွဲအထိ မိနစ် ၃၀ ခန့် စုပေါင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သို့ဆိုလင့်ကစား ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအရ နေ့စဉ်ပုံမှန်ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူ အချိုးအစားနည်းပါးနေသေးသည်။ အချို့က အချိန်မပေးနိုင်ကြ၊ စားဝတ်နေရေးကို အကြောင်းပြကြသည်။ အချို့ကား တလွဲဆံပင်ကောင်း လူမြင်ကွင်းတွင် သွေးပူလေ့ကျင့်ခန်းလုပ်ရမည်ကို ရှက်ကြသည်။ တချို့က ငါကျန်းမာသားပဲဟူသည့် အာရောဂျမာန်ဖြင့် မေ့လျော့နေကြသည်။ နေချင်သလိုနေ၊ စားချင်သလိုစားပြီး သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေဖြတ်စသည့် ရောဂါဝေဒနာများ ဝင်ရောက်လာပြီဆိုပါမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရသည်။ မိုးလွန်မှ ထွန်ချထိုအခါမှ ကိုယ်လက်လှုပ်ရှားအားကစားကို လုပ်ရကောင်းမှန်း သိလာသည်။ အချို့လေဖြတ်ဝေဒနာရှင်များဆိုပါက ပုံမှန်အခြေအနေပြန်ရရှိရေးအတွက် တုတ်ကောက်အကူအညီဖြင့် ခြေလေးတယမ်းယမ်း၊ လက်ကလေးတယမ်းယမ်းနှင့် လမ်းလျှောက်လေ့ကျင့်ခန်း ယူနေကြသည်ကို စိတ်မကောင်းစွာ တွေ့မြင်ခဲ့ရသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ ထိရောက်ပါသည်။ အထူးသဖြင့် သက်လတ်ပိုင်း၊ သက်ကြီးပိုင်းအရွယ်များသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်၊ သွေးလေလည်ပတ်မှုကောင်းစေရန် အသက်အရွယ်နှင့် လိုက်ဖက်သည့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများကို ပုံမှန်အချိန်ပေးဆောင်ရွက်သင့်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်ပေကျင်း၊ ကျန်းစူးပြည်နယ်၏မြို့တော် နန်ကျင်း၊ ယူနန်ပြည်နယ်၏မြို့တော် ကူမင်းတို့တွင် သက်လတ်ပိုင်းနှင့် သက်ကြီးရွယ်အို ဘိုးဘွားများ အုပ်စုလိုက် တေးသီချင်းများဖွင့်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ ထိုက်ကျီ၊ ဝူရှူး စသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်ဆောင်နေမှုများကို ပြန်လည်မြင်ယောင်လာသည်။

အထူးသဖြင့် နံနက်ခင်းစက်ဘီးစီးခိုက် ပေကျင်းမြို့လမ်းဘေးပလက်ဖောင်းများတွင် မြို့တော်သူမြို့တော်သားများ ဝီချက်၊ ဝီဘိုတို့မှတစ်ဆင့် အခပေးပြီး အရန်သင့်စီးနင်းနိုင်ရန် ထားရှိပေးထားသော အဝါရောင်စက်ဘီးလှလှလေးများ၊ နန်းကျင်းမြို့လယ်တွင် ကားလမ်းနှင့်အပြိုင် သီးသန့်ထားရှိပေးထားသော စက်ဘီးလမ်းကလေးများကို ပြန်လည်အမှတ်ရနေမိပါတော့သည်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦးရှိ

နေပြည်တော် မတ် ၁၂

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၃၀ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦး၊ ပျက်ကွက် ၁၇၇၉၈ ဦးရှိသဖြင့် ဖြေဆိုသူ ၈၇ ဒသမ ၈၅ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - အင်္ဂလိပ်စာ

ရက်စွဲ၊ ၁၂ - ၃ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၂၃၄၉ | ၃၆၅၈ | ၆၀၀၇ | ၂၂၁၇ | ၃၅၃၀ | ၅၇၄၇ | ၁၃၂ | ၁၂၈ | ၂၆၀ | ၉၅.၆၇ % | ၄.၃၃ % | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၈၉၂ | ၁၅၀၄ | ၂၃၉၆ | ၇၈၈ | ၁၃၉၄ | ၂၁၈၂ | ၁၀၄ | ၁၁၀ | ၂၁၄ | ၉၁.၀၇ % | ၈.၉၃ % | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၇၃၀ | ၉၉၃ | ၁၇၂၃ | ၁၅၁ | ၂၅၀ | ၄၀၁ | ၅၇၉ | ၇၄၃ | ၁၃၂၂ | ၂၃.၂၇ % | ၇၆.၇၃ % | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၇ | ၂၃၈၉ | ၃၇၂၀ | ၆၁၀၉ | ၂၂၀၆ | ၃၄၆၂ | ၅၆၆၈ | ၁၈၃ | ၂၅၈ | ၄၄၁ | ၉၂.၇၈ % | ၇.၂၂ % | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၉၄ | ၁၆၄၁ | ၂၆၃၅ | ၉၂၂ | ၁၅၇၃ | ၂၄၉၅ | ၇၂ | ၆၈ | ၁၄၀ | ၉၄.၆၉ % | ၅.၃၁ % | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၃၀၈၃ | ၄၄၀၆ | ၇၄၈၉ | ၂၉၃၉ | ၄၂၁၀ | ၇၁၂၉ | ၁၄၄ | ၁၉၆ | ၃၆၀ | ၉၅.၁၉ % | ၄.၈၁ % | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၅၄၇ | ၃၄၄၃ | ၅၉၉၀ | ၂၄၂၇ | ၃၃၄၄ | ၅၇၇၁ | ၁၂၀ | ၉၉ | ၂၁၉ | ၉၆.၃၄ % | ၃.၆၆ % | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၄၀၅၃ | ၅၇၆၈ | ၉၈၂၁ | ၃၈၅၂ | ၅၆၁၈ | ၉၄၇၀ | ၂၀၁ | ၁၅၀ | ၃၅၁ | ၉၆.၄၃ % | ၃.၅၇ % | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၈၃၉၇ | ၁၁၈၁၉ | ၂၀၂၁၆ | ၈၀၀၉ | ၁၁၄၀၄ | ၁၉၄၁၃ | ၃၈၈ | ၄၁၅ | ၈၀၃ | ၉၆.၀၃ % | ၃.၉၇ % | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၂၇၄ | ၃၇၄၁ | ၆၀၁၅ | ၂၁၄၉ | ၃၆၁၈ | ၅၇၆၇ | ၁၂၅ | ၁၂၃ | ၂၄၈ | ၉၅.၈၈% | ၄.၁၂ % | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၈၄၀၀ | ၁၀၂၀၂ | ၁၈၆၀၂ | ၃၉၃၇ | ၄၅၉၃ | ၈၅၃၀ | ၄၄၆၃ | ၅၆၀၉ | ၁၀၀၇၂ | ၄၅.၈၆ % | ၅၄.၁၄ % | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၈၆၀၉ | ၁၀၃၄၃ | ၁၈၉၅၂ | ၈၁၄၁ | ၉၉၀၄ | ၁၈၀၄၅ | ၄၆၈ | ၄၃၉ | ၉၀၇ | ၉၅.၂၁ % | ၄.၇၉ % | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၃၁၀၆ | ၄၉၆၈ | ၈၀၇၄ | ၂၉၄၉ | ၄၇၄၉ | ၇၆၉၈ | ၁၅၇ | ၂၁၉ | ၃၇၆ | ၉၅.၃၄ % | ၄.၆၆ % | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၁၂၄ | ၁၇၂၉ | ၂၈၅၃ | ၇၇၇ | ၁၂၀၃ | ၁၉၈၀ | ၃၄၇ | ၅၂၆ | ၈၇၃ | ၆၉.၄၀ % | ၃၀.၆၀ % | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၄၅၀ | ၆၅၄ | ၁၁၀၄ | ၄၂၀ | ၆၃၂ | ၁၀၅၂ | ၃၀ | ၂၂ | ၅၂ | ၉၅.၂၉ % | ၄.၇၁ % | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၈၂၇၁ | ၁၁၅၇၆ | ၁၉၈၄၇ | ၇၇၆၂ | ၁၁၁၈၀ | ၁၈၉၄၂ | ၅၀၉ | ၃၉၆ | ၉၀၅ | ၉၅.၄၄ % | ၄.၅၆ % | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၇၅၀ | ၄၉၂၆ | ၈၆၇၆ | ၃၆၁၁ | ၄၈၁၁ | ၈၄၂၂ | ၁၃၉ | ၁၁၅ | ၂၅၄ | ၉၇.၀၇ % | ၂.၉၃ % | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၆ | ၈ | ၁၄ | ၆ | ၇ | ၁၃ | ၀ | ၁ | ၁ | ၉၂.၈၆ % | ၇.၁၄ % | |
| | စုစုပေါင်း | ၁၁၈ | ၂၉၃ | ၈၄၁ | ၆၁၀၂၄ | ၈၅၀၉၉ | ၁၄၆၅၂၃ | ၅၃၂၄၃ | ၇၅၄၈၂ | ၁၂၈၇၂၅ | ၈၁၈၁ | ၉၆၁၇ | ၁၇၇၉၈ | ၈၇.၈၅ % | ၁၂.၁၅ % | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

❒ *ရှေ့ဖုံးမှ*

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၀ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်း ပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၂၅ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း ၈၇ ဒသမ ၈၅ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်


ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်


ပွင့်ဖြူ


ဆိတ်ဖြူ


ဘုတ်ပြင်း

## မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုစားသောက်ဖွယ်ရာများထောက်ပံ့

**ပခုက္ကူ မတ် ၁၂**

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲနှင့် ပခုက္ကူခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရ/ကျဆုံးရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ မတ် ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အကြမ်းဖက်လုပ်ရပ်များအား ထိထိရောက်ရောက် တားဆီးကာကွယ် ဆောင်ရွက်နိုင်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။ ထို့နောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ၂၄ ပြည်ပါ ဆန်အိတ် ၁၆၀၊ စားသုံးဆီ ပိဿာ ၁၅၀ ၊ ခေါက်ဆွဲခြောက်ထုပ် ၃၇၅၀၊ Royal-D အားဖြည့်အချိုရည်ဘူး ၁၄၄၀၊ အာလူး ပိဿာ ၁၅၀ စသည့် ဂုဏ်ပြုစားသောက်ဖွယ်ရာများကို အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူး ဗိုလ်မှူးကြီး မြင့်ရွှေထံ လည်းကောင်း၊ ပခုက္ကူခရိုင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရ/ကျဆုံးရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ၈၅ သိန်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇေယျာလင်းအောင်ထံ လည်းကောင်း ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ဌာနဆိုင်ရာများအနေဖြင့် မိမိလုပ်ငန်းတာဝန်များ ပုံမှန်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဌာနဆိုင်ရာများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက အမှာစကားပြောကြားကြပြီး ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကျောင်းစာတစ်ခုတည်း ထူးချွန်လို့ လူရည်ချွန်မဖြစ်ဘူး။ ဘက်စုံထူးချွန်ဖို့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနဲ့ ဘောဂဆိုတဲ့ ဗလငါးတန်ပြည့်စုံဖို့ အရေးကြီးကြောင်း တိုက်တွန်းလိုပါတယ်

**မောင်ကျော်ဇင်သိုက်ထွန်း**

**တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မျိုး၊ ဇော်ဝင်းအောင်**

**လူရည်ချွန်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်မှစတင်၍ သတ္တမတန်းမှ ဒသမတန်းအထိ ရွေးချယ်ခဲ့သည်။ ယခုနှစ် စနစ်သစ်ပညာရေးတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ Grade- 9 မှ Grade-12 အထိ ပြန်လည်ရွေးချယ်ခဲ့ရာ ပညာရေးထူးချွန်မှုသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဆိုသည့် ဗလငါးတန်ပြည့်စုံစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားပြီး နိုင်ငံတော်ကို ဦးဆောင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိပါသည်။**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ နှစ်ထပ်ကွမ်း လူရည်ချွန် မဖြိုးဖြိုးသွယ်နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (မြို့မ) Grade-10 မှ လူရည်ချွန် မောင်ကျော်ဇင်သိုက်ထွန်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်-

**မေး ။** နှစ်ထပ်ကွမ်းလူရည်ချွန် ရွေးချယ်ခံရသူအနေနဲ့ မဖြိုးဖြိုးသွယ်ရဲ့ ရင်တွင်းခံစားချက်ကို ပြောပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** အတိုင်းမသိပျော်ရွှင်မိပါတယ်။ သမီးတို့ လူရည်ချွန် ဖြေဆိုထားပြီး သတင်းစာမှာ ကြေညာခံရတယ်လို့သိရတဲ့နေ့ကဆို အလွန်ပျော်ရွှင်မိပြီး အိပ်လို့တောင် မပျော်တဲ့အထိ ပီတိဖြစ်ရပါတယ်။

**မေး ။** လူရည်ချွန် မောင်ကျော်ဇင်သိုက်ထွန်းအနေနဲ့လည်း ရင်တွင်းစကားလေး ပြောပြပေးပါဦး။

**မောင်ကျော်ဇင်သိုက်ထွန်း။** ကျွန်တော်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကတည်းက လူရည်ချွန်ရဖို့ ကြိုးစားခဲ့ပေမယ့် မြို့နယ်အဆင့်နဲ့သာ ကျေနပ်ခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာတော့ ရမည်းသင်းခရိုင်အဆင့် Grade-10 အနေနဲ့ အခုလို လူရည်ချွန်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် လူရည်ချွန်အဖြစ် ရွေးချယ်ခံရတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။

**မေး ။** မဖြိုးဖြိုးသွယ်အနေနဲ့ နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ဖို့ ဘယ်လိုတွေ ကြိုးစားခဲ့ရသလဲဆိုတာကို ပြောပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** လူရည်ချွန်ဖြစ်ဖို့အတွက် ကျောင်းစာအပြင် ဗဟုသုတရရှိတဲ့ စာအုပ်စာပေတွေကို လေ့လာမှတ်သားရပါတယ်။ ဒါ့အပြင် လူရည်ချွန်ဖြစ်ဖို့ အားကစားနဲ့ စာပေ ဘက်စုံထူးချွန်မှုသာဖြစ်တဲ့အတွက် အားကစားကိုလည်း နေ့စဉ်ပုံမှန်လေ့ကျင့်ရပါတယ်။ လူရည်ချွန်ဖြစ်ဖို့ အမြဲလေ့ကျင့်နေရသလို အခြားပြိုင်ပွဲတွေနဲ့ လုံးဝမတူပါဘူး။ ခက်ခဲပါတယ်။ ဒါ့အပြင် မိဘ၊ ဆရာ/ဆရာမတွေရဲ့သွန်သင်ဆုံးမမှုနဲ့ ကြိုးစားရသလို အဓိကတော့ အင်္ဂလိပ်စာကို နေ့စဉ်လေ့လာရပါတယ်။ လူရည်ချွန်ပြိုင်ဘက်တွေလည်း ရှိတာမို့ ကောင်းသောယှဉ်ပြိုင်ခြင်းနဲ့ ယှဉ်ပြိုင်ပြီး ဘက်စုံထူးချွန်အောင် ကြိုးစားခဲ့လို့ အခုလို လူရည်ချွန် ရွေးချယ်ခံရတာ ဖြစ်ပါတယ်။

**မေး ။** မောင်ကျော်ဇင်သိုက်ထွန်းအနေနဲ့ လူရည်ချွန်အတွက် ပြင်ဆင်ခဲ့ရတာလေးကို နောင်မျိုးဆက်သစ် ညီငယ်၊ ညီမငယ်များ သိရအောင်ပြောပြပေးပါဦး။

**မောင်ကျော်ဇင်သိုက်ထွန်း။** ကျွန်တော်က Grade-9 တုန်းက လူရည်ချွန် မရခဲ့ပါဘူး။ ဒါ့ကြောင့် အခု Grade-10 မှာ လူရည်ချွန်ရအောင် နေ့စဉ်ကြိုးစားခဲ့ပါတယ်။ ကျောင်းစာအပြင် ဗဟုသုတရရှိဖို့ စာအုပ်စာစောင်တွေကို ဒီပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်မှာ အမြဲမပြတ်



မဖြိုးဖြိုးသွယ်



မောင်ကျော်ဇင်သိုက်ထွန်း

လာရောက်လေ့လာဖတ်ရှုခဲ့ပါတယ်။ ဒါ့အပြင် မိဘ၊ ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုကို လိုက်နာခဲ့ပါတယ်။ အားကစားကို နီးကပ်မှ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ယူမယ်ဆိုရင် အခက်အခဲများစွာ ရှိတတ်ပါတယ်။ ဒါ့ကြောင့် အားကစားနှင့် ကာယပညာဦးစီးဌာနရဲ့ ကြီးကြပ်သွန်သင်ပေးမှုနဲ့ ကျောင်းဖွင့်စကတည်းက ပုံမှန်လေ့ကျင့်သင်ယူခဲ့ရပါတယ်။

**မေး ။** ထူးချွန်ထက်မြက်တဲ့သူဖြစ်ဖို့ မိဘဆရာတွေရဲ့သွန်သင်ဆုံးမမှု ခံယူခဲ့တာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ကံ ၊ ဉာဏ် ၊ ဝီရိယဆိုပြီး သုံးခုရှိရာမှာ ဉာဏ်နဲ့ ဝီရိယနှစ်ခုတည်း ကောင်းလို့မရပါဘူး။ ကံလည်း လိုပါတယ်။ ဒါကြောင့် မိဘဆရာတွေရဲ့ သွန်သင်ဆုံးမမှုခံယူရသလို ဘုရား၊ တရား၊ သံဃာကိုလည်း မေ့ထားလို့မရပါဘူး။ စာတွေ လက်တွေ့ကောင်းစွာဖြေနိုင်ဖို့ဆိုရင် ကံကောင်းဖို့လည်း လိုပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘုရား၊ တရား၊ သံဃာကိုလည်း မမေ့လျော့ဖို့ ပြောကြားလိုပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဖြစ်တာမို့ ဘုရား၊ တရား၊ သံဃာကို မမေ့လျော့သင့်ပါဘူး။ ဗုဒ္ဓနဲ့ ပတ်သက်တဲ့စာပေတွေ လူရည်ချွန်စာမေးပွဲမှာလည်း ဖြေဆိုရပါတယ်။

**မေး ။** ကိုယ်ကာယကြံ့ခိုင်မှုအတွက် ဘယ်လိုလေ့ကျင့်ခဲ့ရသလဲဆိုတာကိုလည်း မျိုးဆက်သစ် ညီငယ်၊ ညီမငယ်တွေ သိအောင် ရှင်းပြပေးပါဦး။

**မဖြိုးဖြိုးသွယ်။** ကိုယ်ကာယကြံ့ခိုင်ရေးမှာ လေ့ကျင့်ခန်း ငါးမျိုးရှိပါတယ်။ (၁) အိပ်ထမတင်၊ (၂) မီတာ ၁၀၀ ၊ (၃) မီတာ ၄၀၀ ၊ (၄) အလျားခုန်နဲ့ (၅) ဒိုက်ထိုးတို့ ဖြစ်ပါတယ်။ အဲဒါတွေအတွက် ပထမဦးဆုံးနှစ်စကတည်းက ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် ဂရုစိုက်ရပါတယ်။ ကျန်းမာမှ ဒီလေ့ကျင့်ခန်းမှန်မှန် လုပ်နိုင်ပါမယ်။ လူရည်ချွန်ဖြစ်ဖို့မှာ အားကစားကလည်း အရေးကြီးပါတယ်။ တချို့က စာကိုသာကြိုးစားပြီး အားကစားမှာ လိုအပ်ချက်ရှိကြလို့ လူရည်ချွန်နဲ့ လွဲသွားကြပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ကိုယ်လက်လှုပ်ရှားအားကစားဆိုတာ လူတိုင်းအတွက် အရေးကြီးပါတယ်။ ဒါပေမယ့် ကျောင်းသား လူငယ်များအနေနဲ့ အားကစားနည်းအလိုက် စနစ်တကျရှိစေဖို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှာရှိတဲ့ နည်းစနစ်မှန်ကန်အောင် သင်ယူလေ့ကျင့်ဖို့ လိုပါတယ်။ ကျွန်တော်ဆိုရင် နေ့စဉ် အားကစားကို ပုံမှန်လေ့ကျင့်သလို ကျောင်းပိတ်ရက်တွေအတွင်း အားကစားနည်းတွေကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရပါတယ်။ အားကစားပြုလုပ်ခြင်းကြောင့် စိတ်ရွှင်လန်းပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေကိုလေ့လာဖတ်မှတ်နိုင်ခဲ့ရပါတယ်။

**မေး။** နောက်ဆုံးမေးခွန်းအနေနဲ့ မျိုးဆက်သစ်လူရည်ချွန်တွေအတွက် အကြံပြုစကားလေး ပြောကြားပေးပါဦး။

**မဖြိုးဖြိုးသွယ်။** မျိုးဆက်သစ် မောင်လေး၊ ညီမလေးတွေကို သမီးလိုပဲ လူရည်ချွန် နှစ်ထပ်ကွမ်းမှ ထပ်ကွမ်း လူရည်ချွန်တွေဖြစ်စေချင်ပါတယ်။ ပြီးတော့ နှစ်စကတည်းက ကျောင်းစာတွေကို မှန်မှန်သင်ယူသလို ပြင်ပဗဟုသုတရရှိစေဖို့ စာပေတွေကို အမြဲလေ့လာနေရပါမယ်။ ဘာကြောင့်လဲဆိုရင် သမီးတို့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးနည်းပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ အစရှိတဲ့ပြိုင်ပွဲတွေကို အမြဲဝင်ရောက် ယှဉ်ပြိုင်ရင်းနဲ့ စာအုပ်စာပေတွေကို ဖတ်ရှုခဲ့ရတာမို့ အသိပညာတွေ ရရှိခဲ့ပါတယ်။ သမီးအနေနဲ့ ကျောင်းသင်ခန်းစာအပြင် ဗဟုသုတရရှိဖို့ ဒီစာကြည့်တိုက်က အကျိုးရှိတဲ့ စာပေတွေကိုဖတ်ရလို့ အထောက်အကူတွေ အများကြီးရခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေကို ကျောင်းစာအပြင် ဗဟုသုတရရှိစေမယ့်စာပေတွေ လေ့လာကြဖို့နဲ့ ကျန်းမာကြံ့ခိုင်ဖို့ အားကစားကိုလည်း မှန်မှန်လုပ်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မောင်ကျော်ဇင်သိုက်ထွန်း။** ကျွန်တော့်အနေနဲ့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်က Grade-9 မှာ မြို့နယ်အဆင့်အထိ လူရည်ချွန်ရွေးချယ်ခံရပြီး ခရိုင် အဆင့်မှာတော့ အားကစားမှာ လိုအပ်ချက်တွေရှိတာကြောင့် အရွေးချယ်မခံရခဲ့ပါဘူး။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-10 မှာ ဘက်စုံ မျှတအောင် ကြိုးစားပြင်ဆင်ခဲ့လို့ လူရည်ချွန်ရွေးချယ်ခံခဲ့ရပါတယ်။ ဒါကြောင့် မျိုးဆက်သစ်တွေအနေနဲ့ ကျောင်းစာတစ်ခုတည်း ထူးချွန်လို့ လူရည်ချွန် မဖြစ်ဘူး။ ဘက်စုံထူးချွန်ဖို့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနဲ့ ဘောဂဆိုတဲ့ ဗလငါးတန်ပြည့်စုံဖို့ အရေးကြီးကြောင်း ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

ယခုကဲ့သို့ လူရည်ချွန်များ၊ ထပ်ဆင့်လူရည်ချွန်များ ဖြစ်လာရန်အတွက် ကြိုးစားအားထုတ်မှုများကို မျိုးဆက်သစ်များ နမူနာရယူနိုင်စေရန်နှင့် အတုယူနိုင်စေရန်အတွက် မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

# ဆင်းရဲနွံတွင်းက ရုန်းထွက်လုနီး ဘင်္ဂလားဒေ့ရှ်နမူနာစီးပွားရေးမူဝါဒ

**ကုန်သွယ်မှုကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးပါသော မောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် ဆင်းရဲမှုတိုက်ဖျက်ရေး၌ ပြည်ပကုန်သွယ်ရေးကို လက်နက်ကောင်းတစ်ခုအဖြစ်အသုံးချခဲ့သည့် ဖွံ့ဖြိုးဆဲအိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ ဥပမာတစ်ခုကို ဖော်ပြလိုပါသည်။ ကျွန်တော်တို့ အနောက်ဘက်အိမ်နီးချင်း၊ သမိုင်းတစ်လျှောက် စားရေရိက္ခာမဖူလုံမှုကြောင့် ဆင်းရဲမှုနှင့် နပန်းလုံးနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆင်းရဲနွံက ရုန်းထွက်ရန် ပြည်ပကုန်သွယ်ရေးကို အသက်ကယ်ကြိုးတစ်ခုအဖြစ် အသုံးချခဲ့သည်မှာ မှန်ကန်ကြောင်း ယခုအခါ သက်သေပြလျက်ရှိပါသည်။**

မိုးကေနိုင်

**စီမံချက်ကောင်းများဖြင့် ...**

နိုင်ငံတကာကုန်သွယ်ရေးကို ထူထူထောင်ထောင်ဖြစ်အောင် လုပ်နိုင်ခြင်းကပင် မိမိတို့နိုင်ငံသားများကို အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးခြင်းဖြစ်သည်။ နိုင်ငံသားများ စဉ်ဆက်မပြတ် ဝင်ငွေတိုးနေအောင် ဖန်တီးပေးနိုင်ခြင်းက ကုန်သွယ်မှုမှရလာသော ရလဒ်ကောင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။ လူသားအရင်းအမြစ်မှလွဲ၍ သယံဇာတအရင်းအမြစ်ပိုင်ဆိုင်မှုတွင် ချို့တဲ့လှသည့်ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘာ့ပေါ်မှာ အဋ္ဌမမြောက် လူဦးရေအများဆုံး သန်းပေါင်း ၁၇၀ ခန့်ဖြင့် လူဦးရေသိပ်သည်းဆများသည့် နိုင်ငံငယ်လေးတစ်ခုက စီးပွားရေးစနစ်ကြီးတစ်ခုလုံးနှင့် အကျုံးဝင်သည့် မက်ခရိုစီးပွားရေးကို ၂၀၁၀ ပြည့်နှစ်ကတည်းက တည်ငြိမ်အောင် ထိန်းသိမ်းလာနိုင်သည်မှာ နိုင်ငံတကာနှင့် ကုန်သွယ်ရေးကို အဓိကအားထားပြီး ပို့ကုန်ကဏ္ဍကို အကောင်းဆုံးမြှင့်တင်နိုင်ခဲ့သည့်အတွက်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။ အစိုးရကချမှတ်သော ရေတိုရေရှည်စီးပွားရေး စီမံချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးတိုးတက်မှုတွင် Labour intensive product (လုပ်သားအင်အားအခြေပြု အထည်ချုပ်ကဏ္ဍ)သည် အလွန်အရေးပါခဲ့ပြီး ပို့ကုန်ကဏ္ဍကို ကောင်းစွာအထောက်အကူပြုခဲ့သည်။ ကိုဗစ်ကာလနောက်ပိုင်း အကောင်းဆုံးပြန်လည်လည်ပတ်နိုင်အောင် လုပ်နိုင်ခဲ့ကြသည်။ လုပ်အားခသက်သာသည့်လုပ်သားထုအင်အား မျက်နှာသာပေးမှုဖြင့် ထုတ်လုပ်မှုစရိတ်သက်သာပြီး ဈေးကွက်ယှဉ်ပြိုင်မှု (comparative advantage)မှာ တစ်ပန်းသာခဲ့သည်။

ဆိပ်ကမ်းများအပါအဝင် စရိတ်သက်သာသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်ဖြစ်အောင် အကောင်းဆုံးပြင်ဆင်နိုင်ခဲ့သည်။ နိုင်ငံတကာဈေးကွက်ကို ဘယ်လိုထိုးဖောက်မလဲ အခွင့်အလမ်းမှန်သမျှ ရယူနိုင်စွမ်းရှိခဲ့သည်။ နိုင်ငံတကာနှင့် သင့်တင့်မျှတသည့် ကုန်သွယ်ရေးစာချုပ်များကို ချုပ်ဆိုနိုင်ခဲ့ပြီး ကောင်းမွန်သော စီးပွားရေးသံခင်းတမန်ခင်းကို ပြသနိုင်ခဲ့သည်။ ဒါနဲ့တင်ပြီးမလား၊ မဟုတ်ပါ၊ ဘယ်လိုပို့ကုန်များက ပိုတွက်ခြေကိုက်မလဲ။ ကိုယ့်အားသာချက်နှင့် သူ့အားနည်းချက်ကို market analysis ဆန်းစစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် ရာသီအလိုက်လိုအပ်ချက်အရ တောင်းဆိုမှုများသော ဈေးကွက်ဝင် ပို့ကုန်အမျိုးအစားကို ပို၍ ဦးစားပေးတင်ပို့နိုင်အောင် ကြိုးစားသည်။ လက်တွေ့ကျသော ကုန်သွယ်ရေးမူဝါဒနှင့် စည်းမျဉ်း၊ စည်းကမ်းများအောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို မက်လုံးကောင်းကောင်းပေး၍ အစိုးရ၏ပံ့ပိုးကူညီမှုများက ပို့ကုန်သွင်းကုန်ကဏ္ဍ တိုးတက်ရေးမှာ အကောင်းဆုံးရှေ့ဆောင်ဖြစ်ခဲ့ခြင်းသည် အားကျအတုယူဖွယ်ရာ ဖြစ်ပါသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်ချုပ်စက်ရုံတစ်ခုရှိ အလုပ်သမားများကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်သည် ယခုအခါ ဆေးဝါးအမျိုးမျိုးနှင့် IT ပစ္စည်းများကို ပြည်ပတင်ပို့နိုင်ပြီဖြစ်သည်။ ထိုလုပ်ငန်းများတွင် ကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သား (skillful labour) ထုကြီးကို efficient labour ဖြစ်အောင် သူ့နေရာနှင့်သူ အသုံးတည့်အောင် နေရာချစီမံခန့်ခွဲနိုင်ခြင်းက အားသာချက်တစ်ခုပင်ဖြစ်သည်။ သုတေသနနယ်ပယ် (applied research) ကို အထူးအားပေးသည်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနယ်ပယ်နှင့် ဈေးကွက် သုတေသနနယ်ပယ်တွေမှာ သုတေသီများ၏ စာတမ်းများက အထူးကျေးဇူးပြုနေသည်ကို တွေ့ရသည်။ ကိုဗစ်ကာလတုန်းက ကျဆင်းသွားခဲ့သည့် အရေးပါသည့် အထည်ချုပ်ကဏ္ဍကို ဘယ်လို ပြန်လည်အဖတ်ဆယ်မလဲနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် သုတေသီတစ်ဦး ရေးသားထားသည့် စာတမ်းတိုတစ်စောင်ကို ဖတ်ဖူးသည်။ သူတို့ စာတမ်းတွေက နိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်မှု နှင့် ဈေးကွက်အမြင်ကို ကောင်းစွာထင်ဟပ်ပြီး ထိရောက်မှုလည်းရှိပုံရသည်။

သွင်းကုန်၊ ပို့ကုန်ကဏ္ဍမှာ သွင်းကုန်အပေါ် စည်းကြပ်သည့်အခွန်အကောက် tariff policy နှင့် အတူ အကန့်အသတ်ဖြင့်သာ တင်သွင်းခွင့်ပြုသည့် quota ကို ဟန်ချက်ညီအောင် ထိန်းထားနိုင်သည်။ အခွန်ဆောင်ရာမှာ အဆင့်တွေများပြီး ကြန့်ကြာမှု မရှိအောင် ဖြေလျှော့ပေးမှုများကြောင့် နိုင်ငံတကာ ကုန်သွယ်ရေးမှာ ဝင်ဆံ့လာသည်။ လက်ရှိဒေါ်လာ ဈေးမြင့်တက်လာမှုနှင့် သယ်ယူပို့ဆောင်ရေးစရိတ် ကြီးလာသည့်အခါ ပြည်တွင်းစားအုန်းဆီနှင့် ပဲပုပ် ဈေးနှုန်းများကို လျှော့ချမပေးဘဲ လုပ်ငန်းရှင်များ အတွက် စားသုံးဆီတင်သွင်းခွန်နှင့် ပဲပုပ်ဆီ တင်သွင်းခွန်များကိုသာ လျှော့ချပေးခဲ့ဖူးသည်။

စာတမ်းတွေ့ရှိချက်များနှင့်အတူ အစိုးရ၏ ဖြေလျှော့ပေးမှုများက စွန့်ဦးတီထွင်လုပ်ငန်းရှင် များစွာကို မွေးထုတ်ပေးလာနိုင်ပြီး သူတို့၏ စွန့်စွန့် စားစား ရင်းနှီးမြှုပ်နှံမှုများက လိုအပ်သည့်နေရာမှာ လိုအပ်သလို ဈေးကစားနိုင်စွမ်းရှိလာသည်။ ဤသည်ပင် လွတ်လပ်သော open or free trade တစ်ခုအသွင်ကို ဆောင်လာခြင်းဖြစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုမှာ အထိုက်အလျောက်နေရာရလာပြီး နိုင်ငံ၏ဆင်းရဲခြင်းတွေမှုကိုပါ များစွာလျော့ပါးသွား စေခဲ့သည်ဟု ချီးကျူးအသိအမှတ်ပြုလာကြသည်။ ဤသည်ပင် တိုးတက်မှုအတွက် အရေးပါသည့် ခြေလှမ်းများဟု ဆိုရမည်ဖြစ်ပါသည်။

**ပြုပြင်ပြောင်းလဲနိုင်စွမ်း**

စီးပွားရေးလုပ်ရာမှာ အခြေအနေအချိန်အခါ နှင့်အညီ အပြောင်းအလဲလုပ်နိုင်စွမ်းက အလွန် အရေးပါပါသည်။ လုပ်ရဲကိုင်ရဲတာမျိုးဖြစ်သည်။ တစ်ခါတစ်ရံ ယုံကြည်မှုကို ပေးအပ်လိုက်ရသည်။ ရလဒ်နည်းနိုင်မည့်အရာကို စွန့်လွှတ်ပြီး အောင်မြင်မှုများမည့်အရာမှာ ပုံအော၍ စွန့်စား လိုက်ရခြင်း opportunity cost ကို တွေ့ရသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရော လုပ်ငန်းရှင်များကပါ တစ်စုံတစ်ရာကို အလွယ်တကူ ယုံကြည်မှုပေးသင့်သည့်အရာမျိုးကိုပင် ယုံကြည်မှုကို ရဲရဲဝံ့ဝံ့ပေးရဲသည့်သတ္တိ leap of faith ကို ကျင့်သုံးသွားကြသည်။ ထိုသတ္တိဖြင့် ကိုယ့်ပြည်တွင်းဈေးကွက်ကိုသာ တစ်ချိန်လုံး အာရုံစိုက်စဉ်းစားခြင်း inward looking နှင့် သွင်းကုန်အစားထိုး import substitution ဆိုသည်ထက် ပြင်ပကို မျှော်ကြည့်ပြီး (outward looking) ဖြင့် သူများလိုအပ်ချက်နှင့် နိုင်ငံတကာ ဈေးကွက်ကိုကြည့်ကာ ပို့ကုန်ဦးစားပေးသည့် မူဝါဒကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်။

ထိုပြောင်းလဲမှုနှင့်အညီ အုပ်ချုပ်စီမံနိုင်ခဲ့သည့် စနစ် export oriented regime ကိုပါ လိုက်ပါ ပြောင်းလဲနိုင်စွမ်းရှိခဲ့သည်။ ထိုမူဝါဒမှန်သည်ဟု ဆိုရပါမည်။ တကယ်တမ်း ပြည်တွင်းဈေးကွက်ကို အားထားခြင်းနှင့် သွင်းကုန်အစားထိုးမူဝါဒဟူသည် အလျင်အမြန်တိုးတက်မှုကိုဖြစ်စေမည့် ခေတ်မီ စက်မှုဖြစ်ထွန်းမှုကိုပါ တစ်ပြိုင်တည်း လိုက်ပါ လာအောင် ဆွဲခေါ်နိုင်စွမ်းမရှိပါ။

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များဆီ ပြန်လှည့်ကြည့်လျှင် စံနမူနာယူဖွယ် ပို့ကုန် ဦးစားပေးမူဝါဒကိုင်စွဲခဲ့သည့် ထွန်းသစ အာရှ အရှေ့ဖျားနိုင်ငံများ တစ်ဟုန်ထိုး စီးပွားတိုးတက်ခဲ့ စဉ်က ဘင်္ဂလားဒေ့ရှ်သည် ကုန်ကြမ်းအခြေပြုပို့ကုန် များဖြစ်သည့် ဂုန်လျှော်ချည်မျှင်၊ လက်ဖက်ခြောက်နှင့် ပုစွန်စသည်တို့တွင်သာ အဓိက မှီခိုအားထားနေရ သည်။ ယနေ့ကာလတွင် ဘင်္ဂလားဒေ့ရှ် မူဝါဒ ချမှတ်သူများကြောင့် အရည်အသွေးမီ ချုပ်လုပ်ပြီး အဝတ်အထည်မျိုးစုံကို အလုံးအရင်းဖြင့် တင်ပို့ နိုင်ပြီဖြစ်သည့်အပြင် စိုက်ပျိုးရေးထွက်ကုန်များ ကို ခေတ်မီနည်းပညာများ အသုံးပြု၍လည်း အဆင့်စားကုန်ချောအဖြစ် တင်ပို့နိုင်စွမ်းရှိသော ပလေယာဉ်အသစ် နောက်ထပ် အာရှကျားနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ စတင်ရှေ့ရှုနေပါပြီ။

အဝတ်အထည်နှင့် ပေါင်မုန့်၊ ဘီစကွတ်၊ ယို၊ ဂျယ်လီ၊ သစ်သီးဖျော်ရည်၊ ယမကာ စသည့် ပြုပြင်ပြီး အစားအစာများအပေါ် ကမ္ဘာ့ဝယ်လိုအားက ကောင်းနေသည်။ ထိုစဉ်က တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ ဘရာဇီးလ်တို့လိုပင် ဘင်္ဂလားဒေ့ရှ်က လည်း ကုန်သွယ်မှုကဏ္ဍကို နိုင်ငံ GDP ၏ အဓိက ကျောရိုးအဖြစ် အားထားလာနိုင်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကမ္ဘာ့ကြည့်ကြည့်နိုင်စွမ်း ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ အရေးပါ သော ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ဘဏ်လိုအဖွဲ့ အစည်းများကပင် အထူး တလည် သတိမှတ်လာကြသည်။ ထို့ကြောင့်လည်း ပေကျင်းအခြေစိုက် AIIB– Asian Infrastructure Investment Bank ထံမှ ချေးငွေအကူအညီများကို ရယူလာနိုင်ပြီး ၎င်းက စီးပွားတိုးတက်မှု အခွင့်အလမ်း တစ်ခုပင်ဖြစ်စေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရာသီဥတု ပြောင်းလဲမှုအပါအဝင် ကမ္ဘာ့ကြီးမှာ မတည်ငြိမ်မှုများ နှင့် အဘက်ဘက်က ဆုတ်ယုတ်ကျဆင်းနေချိန်မှာ ထိုသို့သောအခွင့်အလမ်းမျိုးကား ရနိုင်ခဲပါသည်။

ပြုပြင်ပြောင်းလဲမှုတိုင်း၏ အကျိုးရလဒ် ဟူသည် ရာစုနှစ်တစ်ခု၊ နှစ်ခုမျှ အချိန်ယူရလေ့ရှိပါ သည်။ ၁၉၉၀ ပြည့်နှစ်ကစခဲ့သည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ပုံမှန်တိုးတက်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ သိသိ သာသာ ရလဒ်ကောင်းများရရှိလာခဲ့ကာ ယခုအခါ ဘင်္ဂလားဒေ့ရှ်ပြည်သူများသည် ထိုမူဝါဒအပြောင်း အလဲ၏ အသီးအပွင့်များကို ခံစားနေကြပြီဖြစ်သည်။

စာမျက်နှာ ၁၁ သို့

**○ ပြုပြင်ပြောင်းလဲမှုတိုင်း၏ အကျိုးရလဒ်ဟူသည် ရာစုနှစ်တစ်ခု၊ နှစ်ခုမျှ အချိန်ယူရလေ့ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်ကစခဲ့သည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ပုံမှန်တိုးတက်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ သိသိသာသာ ရလဒ်ကောင်းများရရှိလာခဲ့ကာ ယခုအခါ ဘင်္ဂလားဒေ့ရှ်ပြည်သူများသည် ထိုမူဝါဒအပြောင်းအလဲ၏ အသီးအပွင့်များကို ခံစားနေကြပြီဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်က ဆင်းရဲမှုနှုန်း ၅၉ ရာခိုင်နှုန်းကနေ ၂၀၁၉ ခုနှစ်မှာ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားပြီဖြစ်သည်။ GDP က ပုံမှန်တိုးတက်နေသည်။ သတ္တိရှိရှိဖြင့် စွန့်စားပြီး လုပ်သင့်သည့် အပြောင်းအလဲကိုပြုလုပ်ကာ ကာလရှည် ရင်းနှီးမြှုပ်နှံခဲ့ရသည့် ပေးဆပ်ခဲ့ရသည့်အချိန် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးတန်ဖိုးများကား အလကားမဖြစ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို ကြည့်ရှုအားပေး

**ထားဝယ် မတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းနောင်က စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ထားရှိမှုအခြေအနေများနှင့် ဖြေဆို/ပျက်ကွက်သူဦးရေစာရင်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာမေးပွဲ အခန်းတာဝန်ကျ ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ စာမေးပွဲဖြေဆိုနေသည့် ကာလအတွင်း စာဖြေခန်း အတွင်း အပြင် သန့်ရှင်းရေး၊ လေဝင်လေထွက်ကောင်းမွန်ရေးနှင့် အလင်းရောင် လုံလောက်စွာ ရရှိရေးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ စာမေးပွဲကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သက်ဆိုင်ရာ စာစစ်ဌာန ၁၇ ခု၌ အင်္ဂလိပ်စာ ဘာသာရပ်ဖြေဆိုသည့် ကျောင်းသား ၉၂၂ ဦး၊ ကျောင်းသူ ၁၅၇၃ ဦး စုစုပေါင်း၂၄၉၅ ဦး၊ ဖြေဆိုမှုရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၆၉ ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနပေါင်း ၃၈ ခု၌ ကျောင်းသား ကျောင်းသူ ၅၆၇၃ ဦး ဝင်ရောက်ဖြေဆို



**မုံရွာ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မုံရွာတက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် တာဝန်ရှိသူများသည် မတ် ၁၁ ရက်က မုံရွာမြို့တွင် အေးချမ်းလုံခြုံစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများအား ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (အလုံ) တို့သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားမှုများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် / မြို့နယ် စာစစ်ဌာနပေါင်း ၃၈ ခု၊ ဖြေဆိုသူ ကျောင်းသား ၂၂၀၈ ဦး၊ ကျောင်းသူ ၃၄၆၅ ဦး စုစုပေါင်း ၅၆၇၃ ဦး၊ ဖြေဆိုသည့် ရာခိုင်နှုန်း ၉၂ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်မရောမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုကို ကြည့်ရှုအားပေး

**ကျိုက်မရော မတ် ၁၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့ အထကကျောင်း စာစစ်ဌာနသို့ သွားရောက်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဆက်လက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးနှင့် မလိုလားအပ်သည့်အသံများ ဆူညံမှု မဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် တာဝန်ထမ်းဆောင်ပေးကြသည့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ကျိုက်မရောမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၃ ဦးရှိရာ ဖြေဆိုမှု ၈၉ ဒသမ ၉၁ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း စာမေးပွဲလာရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

*စာမျက်နှာ ၁၀ မှ*

၁၉၉၀ ပြည့်နှစ်က ဆင်းရဲမှုနှုန်း ၅၉ ရာခိုင်နှုန်းကနေ ၂၀၁၉ ခုနှစ်မှာ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားပြီဖြစ်သည်။ GDP က ပုံမှန်တိုးတက်နေသည်။ သတ္တိရှိရှိဖြင့် စွန့်စားပြီး လုပ်သင့်သည့်အပြောင်းအလဲကိုပြုလုပ်ကာ ကာလရှည်ရင်းနှီးမြှုပ်နှံခဲ့ရသည့် ပေးဆပ်ခဲ့ရသည့်အချိန် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးတန်ဖိုးများကား အလကားမဖြစ်ပါ။

ပေးရသလောက်တန်သည် risk and return ရှိသည်ဟုဆိုရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုနှင့်အညီ စီမံခန့်ခွဲမှု change management တွင်ပါလိုက်ပါပြောင်းလဲနိုင်စွမ်းရှိခြင်းကို အထူးအသိအမှတ်ပြုရမည်ဖြစ်သည်။ မိမိမှာ ဘာအားသာချက်ရှိနေသလဲ၊ ဘယ်လိုအခွင့်အလမ်းကောင်းများရှိနေသလဲ၊ နိုင်ငံ၏ လူသားအရင်းအမြစ် အားသာချက်ကို အလွယ်တကူမြင်နိုင်ခဲ့ပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိသည့် စွမ်းအားများဖြစ်လာအောင် ပြုပြင်နိုင်စွမ်းရှိခဲ့သည်။ မသေချာမှုများနှင့် ကမ္ဘာကြီး မတည်မငြိမ်ဖြစ်နေစဉ်မှာပင် နိုင်ငံတကာ ဘဏ်ချေးငွေ အခွင့်အလမ်းကောင်းကို ရအောင်ယူနိုင်ခဲ့ပြီး ယခုအခါ နိုင်ငံတွင် ကြုံတွေ့နေရသော စွမ်းအင်ပြဿနာကို ဖြေရှင်းနေပြီဟု ယူဆရသည်။

ထို့ကြောင့်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းသည့် ပို့ကုန်အမယ်များဖြင့် ကမ္ဘာကြီးမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိလာခြင်းဖြစ်သည်။ ပို့ကုန်ကဏ္ဍတိုးတက်မှုနှင့်အညီ နိုင်ငံသားများကို အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်သည့်အတွက် ဆင်းရဲမှုနှုန်းလျော့ကျသွားသည်ကို ထင်ထင်ရှားရှားတွေ့ရသည်။ မိမိတို့မြန်မာနိုင်ငံ အနေဖြင့်ရော၊ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံဈေးကွက်သို့ အခွံပါမြေပဲစေ့အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ချောများကို အဓိကတင်ပို့လျက်ရှိသကဲ့သို့ အခြားသော နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ပို့ကုန်အမယ်သစ်များ တိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

နယ်မြေဒေသ တည်ငြိမ်မှုအပေါ်မူတည်၍ မိမိဘက်မှ အဓိကတင်ပို့မှုပို့ကုန်ပမာဏနှင့် တန်ဖိုးများ အတက်အကျရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်မူဝါဒနှင့် ဆောင်ရွက်ပုံများမှာ မိမိနိုင်ငံအတွက် တန်ဖိုးရှိသောနမူနာများအဖြစ် မှတ်ယူပါသည်။ အခြေအနေအချိန်အခါအရအကျဘက်မှာ မျောပါမနေဘဲ ပဋိပက္ခနှင့် အခက်အခဲများကြားမှာ ဘယ်လိုရပ်တည်မလဲ၊ တည်ငြိမ်မှုရှိလာမည့်အပေါ် ကြိုတင်မြော်တွေးပြီး နမူနာယူသင်ခန်းစာပြုထားကြရပါမည်။

ရွေးကောက်ပွဲအနိုင်ရ ရှိတ်ဟာဆီနာအစိုးရအနေဖြင့်မူ အစဉ်အဆက် ကုန်သွယ်မှုဦးစားပေး ပို့ကုန်အဓိကမူဝါဒအတိုင်း ၎င်းတို့နိုင်ငံ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးရေးနှင့် အလွှာပေါင်းစုံညီညွတ်မျှတရေးပန်းတိုင်များဆီ အရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်နေဦးမှာ အသေအချာပင်ဖြစ်သည်ဟု အပြုသဘောမြင်မိပါသည်။ ။

❂ ❂ ❂

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုမှု မြင်ကွင်းပုံရိပ်များ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များအလိုက် သက်ဆိုင်ရာ စာစစ်ဌာနများ၌ မတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ဖြေဆိုနိုင်စေရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ကျောင်းဝင်း၊ ကျောင်းပြင် လုံခြုံရေးဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပြီး ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဆက်လက်ဖြေဆိုကြသည့် မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြအပ်ပါသည်။



တွံတေးမြို့နယ်ရှိ အထက (၁)တွံတေးစာစစ်ဌာန၌ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ၁၇၅ ဦးနှင့် ကျောင်းသူ ၂၈၅ ဦး စုစုပေါင်း ၄၆၀ ရှိရာ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ တွံတေးသား



ငါန်းဇွန်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၆၀ ရှိရာ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို လာရောက်ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သက်နောင်ဦး(ငါန်းဇွန်)



ရွှေသောင်ယံစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၂ ဦး လာရောက်ဖြေဆိုကြစဉ်။ ရွှေသောင်ယံ(ပြန်/ဆက်)



မောက်မယ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနနှစ်ခု ဖွင့်လှစ်ကျင်းပလျက်ရှိရာ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ စိုင်းမျိုးသန့်(မောက်မယ်)



နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် ဖြေဆိုသူ ၄၉၄ ဦးရှိရာ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ထွေးငယ်(နောင်ချို)



နတ်မောက်မြို့ အခြေခံပညာ အထက်တန်းကျောင်း(အောင်ဆန်း)၌ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၁၄၇ ဦး လာရောက်ဖြေဆိုကြစဉ်။ လှဝင်း(နတ်မောက်)



ကျိုက္ကလီမြို့ အထက ကျိုက္ကလီစာစစ်ဌာနသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ကျိုက္ကလီ(ပြန်/ဆက်)



မြစ်သားမြို့နယ်ရှိ စာစစ်ဌာနသုံးခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ၄၀၃ဦးရှိရာဒုတိယနေ့အင်္ဂလိပ်စာဘာသာရပ်တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဝါဝါမြင့်(မြစ်သား)



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာနငါးခုတွင် စာမေးပွဲ ဖြေဆိုသူ ၁၀၉၀ ရှိရာ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သန်းသန်းနွယ်(ပုဗ္ဗ)

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုမှုမြင်ကွင်းပုံရိပ်များ



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဟိန်းထက်လင်း (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ လှုအောင်(ကသာ)



ချင်းပြည်နယ် တီးတိန်မြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မိုးမိုး



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ သန်းဝင်း(သန်လျင်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ စိုင်းအယ်ဘဲ



မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ် (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုကြစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



ကချင်ပြည်နယ် တနိုင်းမြို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မနော်မြေ (တနိုင်း)



နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ထွန်းလင်း(ဇေယျာမြေ)

# ဖမ်းဆီးထားသော ဖိလစ်ပိုင်နိုင်ငံသား ၁၇ ဦး ပြန်လွှတ်ပေးရေးအတွက် ဂါဇာတွင် စစ်ပွဲဖြစ်ပွားမှုကို အဆုံးသတ်ရန် ဟူသီအဖွဲ့တောင်းဆို

**မနီလာ မတ် ၁၂**

လွန်ခဲ့သည့်နှစ်တွင် ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်များက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသော ဖိလစ်ပိုင် သင်္ဘောသား ၁၇ ဦး ပြန်လွှတ်ပေးရေးအတွက်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဖိလစ်ပိုင်သံတမန် တစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

ဖမ်းဆီးထားသော ဓားစာခံများပြန်လွှတ်ပေးရေးအတွက် ကြိုတင်သတ်မှတ်ချက်အဖြစ် ဂါဇာကမ်းမြောင်တွင် စစ်ပွဲဖြစ်ပွားမှုကို အဆုံးသတ်ရန် ဟူသီသူပုန်များက တောင်းဆိုထားသည်။ ဖိလစ်ပိုင်နိုင်ငံခြားရေး လက်ထောက်အတွင်းဝန် ဒီဗီဂါက သင်္ဘောသားများသည် အကောင်းဆုံးအခြေအနေတွင် မရှိသော်လည်း လုံခြုံမှုရှိကြောင်း၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဆက်သွယ်မှုရှိကြောင်း ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေကြောင်းလုပ်သားအများဆုံးထောက်ပံ့ပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ သင်္ဘောသားငါးပုံ တစ်ပုံနီးပါးကို ထောက်ပံ့ပေးထားကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖိလစ်ပိုင်သင်္ဘောသား ၁၇ ဦးသည် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ပင်လယ်နီ၌ ဟူသီတို့က ဓားစာခံအဖြစ် ဖမ်းဆီးခေါ်သွားသော ကုန်တင်သင်္ဘောတစ်စင်း၏ အမှုထမ်းများထဲတွင် ပါဝင်သူများဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်က ယီမင်တောင်ပိုင်း အေဒင်ဆိပ်ကမ်း၏ အနောက်တောင်ဘက် ရေမိုင် ၅၀ ခန့်အကွာတွင် သင်္ဘောဖျက် ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ကုန်တင်သင်္ဘော True Confidence ကို ထိမှန်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ပြီးခဲ့သည့် သီတင်းပတ်က ဟူသီသူပုန်အဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကုန်တင်သင်္ဘော True Confidence ထိခိုက်ပျက်စီးမှု။





# အင်ဒိုနီးရှားနိုင်ငံ၌ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ၂၆ ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေ

**ဂျကာတာ မတ် ၁၂**

ဆူမားတြားကျွန်း၌ ရက်အတန်ကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ၂၆ ဦး ထက်မနည်း သေဆုံးကာ ခြောက်ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှားနိုင်ငံရှိ တာဝန်ရှိသူများက ပြောသည်။

ဒေသအာဏာပိုင်များသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ ပြီးခဲ့သည့် ကြာသပတေးနေ့ကတည်းကအနောက်ဆူမားတြားပြည်နယ်ရှိ ဒေသအများအပြားတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ၊ ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည်။

လူပေါင်း ၃၉၀၀၀ ခန့် ဘေးသင့်မှုဖြစ်ခဲ့ပြီး နေအိမ် ၆၀၀ နီးပါး ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါဖြစ်ရပ်ကြောင့် ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ သန်းရှိပြီး အဓိကအားဖြင့် အခြေခံအဆောက်အအုံ ထိခိုက်ပျက်စီးမှုများဖြစ်ကြောင်း သိရသည်။

အင်္ဂါနေ့အထိ ပြည်နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ဒေသ ၁၂ ခုမှ ငါးခုကို အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်အာကာသယာဉ်မှူး လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

**တိုကျို မတ် ၁၂**

နိုင်ငံတကာ အာကာသစခန်းတွင် ခြောက်လကြာ တာဝန်ထမ်းဆောင်မှု ပြီးဆုံးပြီးနောက် ဂျပန်အာကာသ ယာဉ်မှူး ဖုရုကာဝါ ဆာတိုရှီသည် အခြား အာကာသယာဉ်မှူး သုံးဦးနှင့်အတူ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

**အောင်မြင်စွာဆင်းသက်နိုင်ခဲ့**

အာကာသယာဉ်မှူး လေးဦး သယ်ဆောင်လာသော အာကာသယာဉ်သည် အမေရိကန် တောင်ပိုင်း ဖလော်ရီဒါနှင့် အလွန်ဝေးသော ရေပြင်ပေါ်သို့ မတ် ၁၂ ရက်က အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

အမေရိကန် ပုဂ္ဂလိက အာကာသယာဉ် ခရူးဒရက်ဂွန်သည် နိုင်ငံတကာ အာကာသစခန်းမှ မတ် ၁၁ ရက်က ထွက်ခွာခဲ့ပြီးနောက် ကမ္ဘာ့လေထုအလွှာထဲသို့ ဝင်ရောက်ခဲ့ကာ အဆင်းချောမွေ့စေရန် လေထီးဖွင့်ဆင်းခဲ့ရသည်။

အာကာသယာဉ် ဆင်းသက်မည့် နေရာအနီး၌ ရေယာဉ်တစ်စင်းက ကြိုစောင့်နေခဲ့ပြီး အာကာသယာဉ်ကို ဆယ်ယူခဲ့သည်။

ဖုရုကာဝါသည် ဆေးဝါးသစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရည်အသွေးမြင့် ပရိုတိန်းကို ဖော်ထုတ်ခြင်း အပါအဝင် အာကာသတွင် လက်တွေ့စမ်းသပ်မှု အများအပြား ပြုလုပ်ခဲ့သည်။

ထို့အပြင် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သို့ သွားမည့် အနာဂတ်တာဝန်များ အတွက်လည်း ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ၌ လူနေအဆောက်အအုံပြိုကျ၊ ကိုးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရ

**အစ္စလမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ မူလ်တန်မြို့တွင် မတ် ၁၂ ရက်က လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားရာ ကိုးဦးထက်မနည်း သေဆုံးပြီး နှစ်ဦး ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

အဆိုပါ အဆောက်အအုံမှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး နံနက်အစောပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်ငန်းကို ဦးဆောင်နေသော မူလ်တန်ခရိုင် အရေးပေါ်အရာရှိ ကာလင်းမ်အာလာက ဆင်ဟွာသို့ ပြောသည်။

အပျက်အစီးများအောက်တွင် စုစုပေါင်း ၁၁ ဦး ပိတ်မိနေကြောင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးကို နာရီအတန်ကြာ ပြုလုပ်ပြီးနောက် ရုပ်အလောင်း ကိုးခုနှင့် အသက်ရှင်ကျန်ရှစ်သူ နှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ဒေသဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် သေဆုံးသူများထဲတွင် မိသားစု တစ်စုတည်းမှ ခုနစ်ဦး ပါဝင်ကြောင်း အာလာက ပြောသည်။

**ဆင်ဟွာ**

# ဂါဇာပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသော သင်္ဘောတစ်စင်း ဆိုက်ပရက်စ်ဆိပ်ကမ်းမှ ထွက်ခွာလာပြီဖြစ်

**လာနာကာ မတ် ၁၂**

ဂါဇာပြည်သူများအတွက်စားနပ်ရိက္ခာအထောက်အပံ့ပစ္စည်းများ သယ်ဆောင်လာသော သင်္ဘောတစ်စင်းသည် မြေထဲပင်လယ်ရှိ ဆိုက်ပရက်စ်ဆိပ်ကမ်းမှ ထွက်ခွာလာပြီဖြစ်သည်။

ဂါဇာသို့ လူသားချင်းဆိုင်ရာ အကူအညီများ ပို့ဆောင်ရန်အတွက် ဆိုက်ပရက်စ် ရေကြောင်းစကြံမှ ပထမဆုံး သင်္ဘောတစ်စင်း စတင်ထွက်ခွာလာပြီဖြစ်ကြောင်းနှင့် ယခုလို အကူအညီများပေးပို့ခြင်းသည် ဂါဇာအရပ်သားများအတွက် အသက်ကယ်လမ်းကြောင်း တစ်ခုပင်ဖြစ်ကြောင်း ဆိုက်ပရက်စ်သမ္မတ နီကိုးစ်ခရစ်စတိုဒိုလီဒက်စ်သည် မတ် ၁၂ ရက်က လူမှုမီဒီယာပေါ်တွင် ပြောကြားခဲ့သည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က လွန်ခဲ့သော သီတင်းပတ်တွင် အာရပ်စော်ဘွားများပြည်ထောင်စုနှင့်တခြားသော စေတနာရှင်နိုင်ငံများ ပူးပေါင်းပြီး အစားအသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများ ဂါဇာသို့ သင်္ဘောဖြင့် ပို့ဆောင်ရန် အစီအစဉ်တစ်ခုကို ကြေညာခဲ့သည်။

သင်္ဘောသည် ဂါဇာသို့ ရောက်ရှိရန် နာရီပေါင်း ၆၀ ခန့် ကြာမြင့်မည်ဖြစ်ကြောင်း ဆိုက်ပရက်စ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဆိုပါ သင်္ဘောပေါ်တွင် အစားအစာနှင့် ဆေးဝါးများအပါအဝင် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၁၅၀ ပါရှိသည်။

အစ္စရေးတပ်ဖွဲ့များ ဆက်လက်ထိုးစစ်ဆင်နွှဲနေချိန်တွင် ဂါဇာ၌ အစားအစာပြတ်လပ်ခြင်းသည် စိုးရိမ်ဖွယ် ပြဿနာတစ်ရပ်ဖြစ်သည်။ ဂါဇာမြောက်ပိုင်း၌ အာဟာရချို့တဲ့ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းကြောင့် သေဆုံးသူများရှိကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စားသုံးသူများ အလေးထား အပြန်အလှန်အကျိုးများ

*လင်းလက်နေခြည်*




**“ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် “စိတ်ကျေနပ်မှုရရှိခြင်း၊ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ခြင်း၊ အချက်အလက်ပြည့်စုံစွာရရှိခြင်း၊ ရွေးချယ်ခွင့်ရှိခြင်း၊ နစ်နာမှုကို တိုင်ကြားခွင့်ရှိခြင်း၊ နစ်နာမှုကို ကုစားခွင့်ရရှိခြင်း၊ အသိပညာဗဟုသုတရှိခြင်း၊ အဆင့်အတန်းမီမီ နေထိုင်သုံးစွဲနိုင်ခြင်း” စသည့် စားသုံးသူများအတွက် အခြေခံအခွင့်ရေးများကို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နားလည်ထားရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် “ကျင့်ဝတ်နှင့်ညီသော၊ အရည်အသွေး၊ စံချိန်၊ စံညွှန်းနှင့် ကိုက်ညီသော၊ စားသုံးသူများအတွက် အန္တရာယ်မရှိသော၊ နစ်နာမှုမရှိသော၊ ထိခိုက်မှုမရှိသော” ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ပေးရန် တာဝန်ရှိ”**

**“ခေတ်နှင့်အညီ နည်းပညာတိုးတက်ပြောင်းလဲလာပြီဖြစ်သဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ရယူရာတွင် နည်းပညာကိုအသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည့် ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ နည်းပညာသည် လူတို့၏ သာမန်ဘဝများကို အဆင့်မြှင့်တင်ကာ အချိန်ကုန် ငွေကုန် သက်သာစေသည်ဟု ဆိုနိုင်သော်လည်း မကောင်းသည့် ရည်ရွယ်ချက်များဖြင့် အသုံးပြုသူများလက်သို့ ရောက်သည့်အခါ စားသုံးသူများအတွက် အိပ်မက်ဆိုးများ ဖြစ်လာ**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်လိုအားမကျဆင်းရေးအတွက် ဝယ်ယူသူ သို့မဟုတ် စားသုံးသူ၏ စိတ်ကြိုက်ထုတ်လုပ်နိုင်ရေးသည် စီးပွားရေးလုပ်ငန်းများ၏ အဓိက ရည်မှန်းချက်ပင်ဖြစ်သည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအား ဈေးကွက်အတွင်းရှိ စားသုံးသူများ သတိပြုမိစေမည့် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ရေးအတွက် ကြော်ငြာအားဖြင့် စားသုံးသူများအကြား ထိုးဖောက်ရန် ကြိုးပမ်းကြသည်။ သို့သော် ကြော်ငြာပါ အချက်အလက်များနှင့် လက်တွေ့တို့ ထပ်တူကျနိုင်ရေး၊ စားသုံးသူများအတွက် တန်ဖိုးရှိသော၊ အသုံးဝင်သော၊ အန္တရာယ်ကင်းသော၊ စိတ်ချယုံကြည်ရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ရန် အရေးကြီးလှသည်။

စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည့် ဝယ်လိုအားကို တိုးပွားစေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် စားသုံးသူများ၏ ကြိုက်နှစ်သက်မှု၊ ယုံကြည်စိတ်ချမှု၊ ဝယ်ယူအသုံးပြုလိုမှုတို့သည်လည်း အရေးကြီးသည်။ ဝယ်လိုအားအပေါ် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ ဈေးနှုန်းက သက်ရောက်မှုရှိသည်ဟု ဆိုသော်လည်း စားသုံးသူများ၏ ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ ကြိုက်နှစ်သက်မှု၊ အမျိုးအစားတူ ပစ္စည်း၏ ဈေးနှုန်း၊ ဈေးကွက်အခြေအနေတို့သည်လည်း ဝယ်လိုအားအပေါ် သက်ရောက်မှုရှိသည်။

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုသည် စားသုံးသူအတွက် စိတ်ချယုံကြည်စွာ အသုံးပြုနိုင်သည့် အခြေအနေကို ဖြစ်ပေါ်စေမည်ဆိုပါက ဈေးနှုန်းကြီးမြင့်စေကာမူ ဝယ်ယူသုံးစွဲလိုသည့်ဆန္ဒကို ဖြစ်ပေါ်စေနိုင်သည်။ မိမိပေးလိုက်ရသည့် တန်ဖိုးနှင့် ညီမျှသည့် အရည်အသွေးရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုသာ ရယူလိုကြသည်မှာ လူတိုင်း၏ ဆန္ဒပင်ဖြစ်သည်။ ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်မည်ဆိုပါက မျှတသည့် ဈေးကွက်တစ်ခုကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပြီး ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။

### အခြေခံအခွင့်ရေးများနှင့်အညီ

ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် “စိတ်ကျေနပ်မှုရရှိခြင်း၊ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ခြင်း၊ အချက်အလက်ပြည့်စုံစွာရရှိခြင်း၊ ရွေးချယ်ခွင့်ရှိခြင်း၊ နစ်နာမှုကို တိုင်ကြားခွင့်ရှိခြင်း၊ နစ်နာမှုကို ကုစားခွင့်ရရှိခြင်း၊ အသိပညာဗဟုသုတရှိခြင်း၊ အဆင့်အတန်းမီမီ နေထိုင်သုံးစွဲနိုင်ခြင်း” စသည့် စားသုံးသူများအတွက် အခြေခံအခွင့်ရေးများကို စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နားလည်ထားရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် “ကျင့်ဝတ်နှင့်ညီသော၊ အရည်အသွေး၊ စံချိန်၊ စံညွှန်းနှင့် ကိုက်ညီသော၊ စားသုံးသူများအတွက် အန္တရာယ်မရှိသော၊ နစ်နာမှုမရှိသော၊ ထိခိုက်မှု မရှိသော” ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ထုတ်လုပ်ပေးရန် တာဝန်ရှိသည်။ စားသုံးသူများကို အလေးထားသည့် စီးပွားရေးလုပ်ငန်းများ၏ ကျင့်ဝတ်နှင့်ညီသည့် အပြုအမူများမှသည် စားသုံးသူများ၏ ယုံကြည်စိတ်ချမှုကို တည်ဆောက်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်ဖြစ်သည်။

“ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ” ဆိုသည့် စကားနှင့်အညီ စားသုံးသူများအတွက် လိုအပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုကို စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ပေးနေပြီး စားသုံးသူများက ပြန်လည်ပေးအပ်ရသည့်ငွေသည် စီးပွားရေးလုပ်ငန်းရှင်များအတွက် အရင်းအနှီးပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ၏ အင်အားက ပဓာနကျသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှသာ အဆိုပါနိုင်ငံအတွင်းရှိပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားနိုင်မည်ဖြစ်သည်။ လူနေမှုအဆင့်အတန်း မြင့်မားသည့်အခါ ပြည်သူများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ငွေကြေးသုံးစွဲမှုသည် တိုးတက်လာပြီး ဈေးကွက်အတွင်း ဝယ်လိုအား တိုးတက်လာစေမည့်အပြင် စားသုံးသူအခွင့်အရေးများကို မြှင့်တင်ရာလည်း ရောက်မည်ဖြစ်သည်။

### စတင်ဖော်ထုတ်

စားသုံးသူများ၏ အခွင့်အရေးများကို အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီက ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် အမေရိကန်ကွန်ဂရက်အစည်းအဝေးတွင် စတင်ဖော်ထုတ်ခဲ့သည်။ ဂျွန်အက်(ဖ်)ကနေဒီ၏ စားသုံးသူများ၏ အခွင့်အရေးကို ထုတ်ဖော်ခဲ့သည့် မတ်လ ၁၅ ရက်နေ့ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ မျှတမှု စသည့်စံနှုန်းများကို အလေးထားသည့် စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာကာ စားသုံးသူများ၏ အခွင့်အရေး အပြည့်အဝရရှိစေရေး ရည်ရွယ်၍ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် စားသုံးသူ ကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေနှင့်အညီ **“စားသုံးသူအခွင့်အရေး ဦးစားပေး”** ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထား၍ ပြည်သူများ၏ဘဝကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက အကာအကွယ်ပေးနေပြီဖြစ်သည်။ နစ်နာမှုများ ဖြစ်ပေါ်လာပါကလည်း စားသုံးသူရေးရာဦးစီးဌာနရုံးအမှတ် (၅၂) နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ တစ်ဆင့်ဖြစ်စေ၊ အီးမေးလ်လိပ်စာဖြစ်သည့် consumerwebsitedoca@gmail.com မှတစ်ဆင့် ဖြစ်စေ၊ https://www.doca.gov.mm/ အွန်လိုင်းမှတစ်ဆင့်ဖြစ်စေ နည်းလမ်းသုံးခုဖြင့် တိုင်ကြားနိုင်သည်ဟု ဖော်ပြထားသည်။

### နည်းပညာခေတ်နှင့်အညီ

ခေတ်နှင့်အညီ နည်းပညာ တိုးတက်ပြောင်းလဲလာပြီဖြစ်သဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ရယူရာတွင် နည်းပညာကိုအသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည့် ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။ နည်းပညာသည် လူတို့၏ သာမန်ဘဝများကို အဆင့်မြှင့်တင်ကာ အချိန်ကုန် ငွေကုန်သက်သာစေသည်ဟု ဆိုနိုင်သော်လည်း မကောင်းသည့် ရည်ရွယ်ချက်များဖြင့် အသုံးပြုသူများ လက်သို့ရောက်သည့်အခါ စားသုံးသူများအတွက် အိပ်မက်ဆိုးများ ဖြစ်လာသည်။ နည်းပညာကို အလွဲသုံးစားပြုလုပ်၍ ကုန်ပစ္စည်းများကို အတုအပပြုလုပ်ကာ စားသုံးရန်မသင့်သည့် ပစ္စည်းများကို ရောင်းချခြင်းများ၊ အွန်လိုင်းငွေကြေး လိမ်လည်မှုများစသည့် ဖြစ်စဉ်များသည် နေ့စဉ် အွန်လိုင်းစာမျက်နှာများပေါ်တွင် ဖတ်ရှုနေရသည်မှာ စိတ်မကောင်းစရာပင်ဖြစ်သည်။

ဖန်တီးနိုင်မှုစွမ်းအားများ တစ်နေ့တခြား တိုးပွားလာသည့်ခေတ်တွင် အရာရာသည် ပြောင်းလဲလာခဲ့ပြီဖြစ်ရာ စားသုံးသူများအတွက် ဘေးကင်းလုံခြုံသည့် အစားအသောက်များ ထုတ်လုပ်နိုင်ရေးအတွက် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence – AI) ၏ အခန်းကဏ္ဍသည်လည်း မေ့ထား၍ မရတော့ပေ။ AI ကို အသုံးချကာ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စားသုံးသူများအတွက် အာမခံပေးနိုင်ရန်အတွက်လည်း ကြိုးစားကြရမည်ဖြစ်သည်။ AI နည်းပညာသည် အရာရာကို ပုံတူဖန်တီးနိုင်စွမ်းရှိသည်ဟု ဆိုပါလျှင် မသမာသူများ၏ လက်အတွင်းသို့ သက်ဆင်းကာ AI သည် အခြေမခိုင်ဖြစ်ကာ အတုပြုလုပ်သည့် ပညာဖြစ်လာပါက စားသုံးသူများအတွက် အခွင့်အရေးများကို ချိုးဖောက်သည့် နည်းပညာဖြစ်လာမည်ဖြစ်သဖြင့် ကျင့်ဝတ်နှင့်အညီ အသုံးပြုနိုင်ရေး တည့်မတ်ပေးရမည့် ကာလပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဆောင်ပုဒ်ကို “မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူ အကျိုးပြု ဉာဏ်ရည်တု (Fair and Responsible AI for Consumers)” ဟု ချမှတ်ထားသည်။ စားသုံးသူများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရေးအတွက် နောက်ဆုံးပေါ် နည်းပညာ AI ကိုပင် အသုံးချနိုင်ရမည်ဟု ရည်မှန်းထားခြင်းဖြစ်ရာ စားသုံးသူများ၏ အခွင့်အရေးကို အလေးထားကာ မျှတသော၊ တာဝန်ယူမှုရှိသော၊ တာဝန်ခံမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

**ကိုးကား**

**စားသုံးသူရေးရာဦးစီးဌာန Website**

**စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင် မော်လမြိုင်-ဘားအံ ကားလမ်း စက်မှုဇုန်အနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရော်ဘာနေလှန်းပြား ၈၀၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ်၂၉၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မတ် ၁၁ ရက်တွင် သထုံမြို့နယ် လေးတိုင်ကျေးရွာအနီး၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၀၆ တန်(ခန့်မှန်း တန်ဖိုးငွေကျပ် ၈၄၄၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၈၄၄၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် မန္တလေးမြို့အဝင် ထုံးဘိုတိုးဂိတ်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ Damage Care ခေါင်းလျှော်ရည်ဘူး၄၅၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၄၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ မတ် ၁၁ ရက်တွင် မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်းဘောထုပ် ၁၇၅၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Diablo Beer ဘူး ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၂၀၀၀၀၀၀)ကိုလည် ကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၂၃၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၁၂ တန်၊ သစ်မာ ၅ ဒသမ ၉၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၄၅၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မတ်၁၂ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ် အနီး၌ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၈၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၇၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၄၆၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၇၉၉၁၂ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။






သို့ဖြစ်၍ မတ် ၇ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၁၀၃၃၃၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် ရှမ်းအမျိုးသမီးငယ် သုံးဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တစ်ဖက်သတ်စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၂**

မြစ်ကြီးနား-ဗန်းမော်လမ်းမကြီးပေါ်ရှိ နွံလန့်ကျေးရွာအနီးတွင် မတ် ၁၁ ရက်က လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက လက်နက်ကြီး ပစ်ခတ်မှုကြောင့် နန်းအီကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံရှမ်းအမျိုးသမီးငယ် သုံးဦး ထိမှန် သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ်စွပ်စွဲရေးသားထားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကချင်ပြည်နယ်အတွင်း အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ရန်အတွက် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူအသုံးပြုနေသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့တိုက်ခိုက်ပြီး ခရီးသွားပြည်သူများနှင့် ကုန်ပစ္စည်းများကို အတင်းအဓမ္မ ငွေကြေးတောင်းခံမှုများလုပ်ဆောင်လျက်ရှိရာ မတ် ၁၁ ရက်တွင် မြစ်ကြီးနား-ဗန်းမော်ကားလမ်းပေါ်ရှိ နွံလန့်ကျေးရွာအနီးမှ လုံခြုံရေးတပ်စခန်းများကို လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့စဉ်တွင် အနီးဝန်းကျင်ရှိ ကျေးရွာများပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဒေသခံပြည်သူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ကာကွယ်ပေးရန်နှင့် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှား စေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားပြီး သွေးထိုး လှုံ့ဆော်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာမိန်းကလေးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ အောင်မြတ်သူ(ခ)အောင်အောင် (ခ) ကတုံး၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ ဒေါ်သန်းသန်းအေးနှင့် ဟိုင်းကြီးကျွန်းမြို့နယ်နေ ဒေါ်မအေးတို့က ငပုတောမြို့နယ်နေ မ ---၊ ၁၆/၂၀၂၃ နှစ်၊ နေပြည်တော်နေ မ ---၊ ၁၉/၂၀၂၃ နှစ် နှင့် ဟိုင်းကြီးကျွန်းမြို့နယ်နေ မ---၊ ၂၀/၂၀၂၃ နှစ်တို့ကို ကျိုင်းတုံမြို့တွင် အလုပ်ရရှိမည်၊ မြန်မာငွေကျပ်သိန်း ၃၀ ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်း(ပ)၁၈၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ - ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကျိုင်းတုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၁ ရက်တွင် တရားခံ အောင်မြတ်သူ(ခ) အောင်အောင် (ခ) ကတုံး၊ သန်းသန်းအေးနှင့် မအေးတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရလည်းကောင်း အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ငါးသယ်လှေ တစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်

**နေပြည်တော် မတ် ၁၂**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃ ဒသမ ၈မိုင်အကွာ၌ ငွေလရောင်အမည်ရှိ ငါးသယ်လှေ တစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံငါးဖမ်းလှေများ၏ သတင်းပေးပို့ချက်အရ သွားရောက်၍ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ မတ် ၁၁ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်တွင် ရေဝင်နစ်မြုပ်နေသည့်



လှေအားတွေ့ရှိခဲ့ပြီး လှေပေါ်တွင် လိုက်ပါလာသော လှေသား ၁၀ ဦးအား ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့၍ လှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော အဆိုပါပွဲစဉ်တွင် ချယ်ဆီးအသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ပဲလ်မာ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်နှင့် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သည်။ ပဲလ်မာ၏ အဆိုပါသွင်းဂိုးသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ၎င်း၏ ၁၁ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဂျက်ဆန်၊ ပဲလ်မာနှင့် မူဒရစ်တို့က သွင်းယူပေးခဲ့ပြီး နယူးကာဆယ်အသင်းအတွက် သွင်းဂိုးများကို အီဆတ်နှင့်မော်ဖီတို့က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့သော်လည်း ၂၇ ပွဲကစားပြီး ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၁၁)တွင်သာ ဆက်လက်ရပ်တည်နေသည်။ နယူးကာဆယ်အသင်းက ချယ်ဆီးအသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၄၀ ဖြင့် ချယ်ဆီးအသင်းအထက် အဆင့်(၁၀) တွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်၌ ချယ်ဆီးအသင်းက လက်စတာ၊ နယူးကာဆယ်အသင်းက အသင်းကြီး မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

## ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၇)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
   (က) "မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"
   (ခ) "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"
   (ဂ) "မူးယစ်အဆိပ်ငွေ့ ကင်းစင်မှ တိုးပွားရှင်သန် မျိုးဗီဇ"
   (ဃ) "ဉာဏ်ရည်လည်းရှုံး လူ့ညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"
   (င) "လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူ ကူညီစို့"
   (စ) "မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ်လက်တွဲစို့" **(Photo Essay ယှဉ်ပြိုင်ရန်အတွက်သာ)**
   (ဆ) "ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံး ကျန်းမာရေး" "People First: stop stigma and discrimination, strengthen prevention."

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။ ပြိုင်ပွဲဝင် ဝတ္ထုတွင် ပေးအပ်ထားသော ဆောင်ပုဒ်များကို အကျုံးဝင်ဖော်ဆောင်နိုင်သည့် ဝတ္ထုခေါင်းစဉ် တပ်နိုင်သည်။

(၃) **ကဗျာ** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ ( ပါဒ ၁၀၀ မှ ၂၀၀ ) အတွင်း ရှိရမည်။

(၄) **တေးသီချင်း**သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ် နားစွဲလွယ်သော မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်စေရေး နှစ်သက်ရာခေါင်းစဉ်ဖြင့် ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင်နှင့်အတူ ပေးပို့ရမည်။

(၅) **ဓာတ်ပုံ** သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာရိုက်ကူးထားသော ပုံသေး 10'' x 14'' အရွယ် အနည်းဆုံး ၃ ပုံ မှ အများဆုံး ၅ ပုံ အထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင် ပုံများ၏ Original Files များနှင့် 10'' x 14'' ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) **ကွန်ပျူတာပိုစတာ** သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက်(Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 2 – Grade 5 )၊ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15'' x 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ(သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်း မပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့်(Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10–Grade 12) ဖြစ်ပါသည်။ မူလတန်းအဆင့်ကျောင်းသား/ သူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်း မပြုရ။

(၉) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်း ပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) **ဓာတ်ပုံ** ပြိုင်ပွဲဝင်တစ်ဦးလျှင် 10'' x 14'' လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို **"မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"** ခေါင်းစဉ်ဖြင့် သီးသန့်ယှဉ်ပြိုင်ရမည်။

(၁၁) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) **ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။**

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | တေးသီချင်း | ၃-၅-၂၀၂၄ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၃-၅-၂၀၂၄ |
| (ဂ) | ကွန်ပျူတာပိုစတာ | ၄-၆-၂၀၂၄ |
| (ဃ) | ဓာတ်ပုံ | ၃-၆-၂၀၂၄ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၇-၆-၂၀၂၄ |
| (စ) | ကွန်ပျူတာပန်းချီ | ၁၀-၆-၂၀၂၄ |

(၁၅) အလွတ်တန်းပြိုင်ပွဲများမှ ပထမဆု ရရှိသူ ၆ ဦးနှင့် ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို ကျုံမငေးမြို့ မြို့မဈေးကြီး၌ မတ် ၉ ရက်က ဆောင်ရွက်ရာ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းကိုလတ်က မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများအား မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြစဉ်။ မြို့နယ်(ပြန်/ဆက်)

❄ *ကျောဖုံးမှ*

ဆီးရီးယားအသင်းနှင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူအများစုမှာ လာရောက်ပူးပေါင်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမကစားသမားများအဖြစ် **ဂိုးသမား**–ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင် (ရန်ကုန်ယူနိုက်တက်)၊ ဇင်ညီညီအောင်(ဒဂုံစတား)၊ **နောက်တန်း**–နန္ဒကျော်၊ သက်ဟိန်းစိုး၊ ဓွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ ဟိန်းဇေယျာလင်း၊ ဒေးဗစ်ထန် (ရန်ကုန်ယူနိုက်တက်)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင် (Dagon Port)၊ လတ်ဝေဘုန်း (ဟံသာဝတီ)၊ စိုးမိုးကျော် (ဖန္တမ်းပင်ခရောင်း၊ ကမ္ဘောဒီးယား)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ၊ ထိုင်း)၊ **အလယ်တန်း**–ဝေလင်းအောင်၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ထက်ဖြိုးဝေ၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး (PDRM၊ မလေးရှား)၊ ဟိန်းထက်အောင် (နီဂျီဂျီဆမ်ဘီလန်၊ မလေးရှား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ လွင်မိုးအောင် (Rayong၊ ထိုင်း)၊ မြတ်ကောင်းခန့် (ပါဆီကာဘို၊ အင်ဒိုနီးရှား)၊ သီဟဇော် (ပရေဗန်၊ ကမ္ဘောဒီးယား)၊ **ရှေ့တန်း**– ကျော်ကိုကို (ရခိုင်ယူနိုက်တက်)၊ အောင်သူ (အူထိုင်းထာနီ၊ ထိုင်း)၊ သန်းပိုင် (ချင်းမိုင်ယူနိုက်တက်၊ ထိုင်း)၊ အောင်ကောင်းမာန် (နာခွန်ရတ်ချာစီမာ၊ ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို၊အင်ဒိုနီးရှား) နှင့် အောင်ကျော်နိုင်တို့ ပါဝင်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်စေရန်အတွက် ဟောပြောပွဲများကျင်းပနေမှုနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြအပ်ပါသည်-



### မုံရွာ

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေးတက္ကသိုလ် ငွေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။ အဆိုပါအခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ သင်ကြားရေးဌာနများမှ ဆရာ ဆရာမများ၊ စီမံဘဏ္ဍာနှင့် သင်တန်းရေးရာဌာနများမှ အရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ကျောက်ပန်းတောင်း

ကျောက်ပန်းတောင်းမြို့နယ် လက်ပံ့ပင်ကျေးရွာအုပ်စု လက်ပံ့ပင်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ မတ် ၁၂ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာသတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး နောင်ထွန်းနီက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များကို ရှင်းလင်းဟောပြောပြီး ဒေသခံပြည်သူများ၏ သိရှိလိုသော မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **UPWA (ရုပ်သံ-၃)**



### ကံမ

ကံမမြို့နယ် အလယ်ကျေးရွာအုပ်စု အလယ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ယမန်နေ့နံနက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းငွေးကအမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့် ဒုတိယရဲအုပ် ဟန်ဘိုဘိုထွန်းတို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းပြောကြားကာ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



### ဆိပ်ဖြူ

ဆိပ်ဖြူမြို့နယ်တွင် ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေအသိပညာပေးလုပ်ငန်းကို မတ် ၁၂ ရက် နံနက်က အနော်ရထာလမ်းမကြီးနှင့် ရတနာလမ်းတို့၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူနေမျိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်ရည်ရွယ်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မိဘနှင့် ခွဲခွာပြီး တစ်မြို့တစ်ရွာတွင် ပညာသင်ကြားနေရသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ဖမ်းဆီးခြိမ်းခြောက်ခံရမှုများ"** ခေါင်းစဉ်ဖြင့် မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နယ်တစ်နယ် ဓားတစ်စင်း စိတ်ကြိုက်မင်းမူ အဓမ္မဆက်ကြေးယူ၍ ပြည်သူအား အကြမ်းဖက်နှိပ်စက်နေသည့် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| စာတည်း | |
| အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သတင်းထောက်များ | |
| ဓာတ်ပုံ | - တင်စိုး |
| သတင်းထောက် | |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| ဒီဇိုင်း | |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၃ - ၂၀၂၅

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၀ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ၂၀၂၅ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး U-25 ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၅ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံး(အမျိုးသား)ပြိုင်ပွဲ"**အား မတ် ၁၅ ရက်မှ ၂၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် (၃) တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၉၀၃ | ၁၅၇၉၄၉၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၉၈၁ | ၅၆၅၃၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၃၀ | ၃၄၅၀၀၀ |
| TMH | ၂၃၅၀ | ၂၅၀၀ | ၂၂ | ၅၄၈၅၀ |
| EFR | ၁၇၀၀ | ၁၈၀၀ | ၁၀၆ | ၁၈၀၇၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၀ | ၉၄၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၂၂၈ | ၂၀၉၉၀၀၀ |

# ယခုလအတွင်းမှစ၍ မန်းရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးပြည်သူများ ပိုမိုစည်ကားလာ



**မင်းဘူး မတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်မှ မန်းရွှေစက်တော် ဘုရားပွဲသို့ ယခုမတ်လမှ စတင်ကာ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူ ပိုမိုများပြားလာကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူ၊ လေ့လာလည်ပတ်သူ တစ်နေ့လျှင် ၇၀၀၀ ကျော်ဖြင့် ယခင်ရက်များထက် ပိုမိုစည်ကားများပြားလာလျက် ရှိကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားသည် ပွဲတော်ကာလ ရက်ရှည်ကြာစွာ ကျင်းပပြီး ဘုရားပွဲကျင်းပသည့်ကာလတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲနှင့် တေးသီချင်း ဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခြင်းမရှိသော်လည်း နေ့စဉ်လာရောက်ဖူးမြော် ကြည်ညိုကြသည့် ဘုရားဖူး ဧည့်သည်များဖြင့် အမြဲစည်ကားလျက်ရှိသည်။

မင်းဘူးမြို့တွင် ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင် စသော အထင်ကရနေရာများနှင့် အပန်းဖြေ လေ့လာကြည့်ရှုစရာ မန်းချောင်းအပန်းဖြေဆင်စခန်း၊ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်နှင့် ကြယ်လိပ်ခြံများ စသည်တို့လည်းရှိရာ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများဖြင့် စည်ကားလှသည်။ ယခုနှစ်တွင် ဘုရားပွဲလာပြည်သူများ အေးချမ်းစွာ ဖူးမြော်နိုင်ရန် ကင်းပတ်ခြင်း၊ ကင်းလှည့်ပေးခြင်းဖြင့် လုံခြုံရေးအပြည့် ဝန်ဆောင်မှုပေးထားသည့်အပြင် လူတန်းစားအသီးသီး တည်းခိုနိုင်ရန် ကုန်းတွင်းပိုင်း တည်းခိုဆောင် တစ်ခန်းလျှင် ကျပ် ၃၅၀၀၀၊ ရေစပ်တည်းခိုဆောင်တစ်ခန်းလျှင် ကျပ် ၅၀၀၀၀ နှင့် နမ္ဗါ (၁)၊ နမ္ဗါ (၂)၊ နမ္ဗါ (၃) စသော အဆင့်မြင့် တည်းခိုဆောင်များတွင် ပထမတန်းအခန်း တစ်ရက်လျှင် ကျပ် တစ်သိန်း၊ ဒုတိယတန်းအခန်း တစ်ရက်လျှင် ကျပ် ၈၀၀၀၀ ၊ တတိတန်းအခန်း တစ်ရက်လျှင် ကျပ် ၅၀၀၀၀ သာ ကောက်ယူလျက်ရှိသည့်အပြင် ဆရာတော် သံဃာတော်များအတွက် သီးသန့်အခန်းများ စီစဉ်ပေးထားကြောင်း၊ ဘုရားဖူးများ အဆင်ပြေပြေ ဝယ်ယူစားသုံးနိုင်ရန် ဈေးဆိုင်ခန်းပေါင်း ၉၀၀ ကျော်လည်း ဆောက်လုပ်ထားပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက် ရှိကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

# ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်

**စစ်တွေ မတ် ၁၂**

နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များ၊ ရဲမေနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်က စစ်တွေမြို့ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသအသီးသီးမှ ရခိုင်ပြည်နယ်ကို ရောက်ရှိပြီး နယ်စပ်ဒေသတွင် လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်နေကြသော အဖွဲ့အစည်းများဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သကဲ့သို့ အခြားသောဌာနများမှ ဝန်ထမ်းများ ပါဝင်ပြီး ပူးပေါင်းအဖွဲ့ဖြင့် အနောက်ဘက်တံခါးကို ကာကွယ်စောင့်ရှောက်နေကြခြင်း ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များသည် မိမိတို့ပြည်နယ်အတွက် များစွာအထောက်အပံ့ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး ကိစ္စရပ်များအပြင် နယ်စပ်တွင်ရှိသော ကိစ္စအဝဝကို စီမံဆောင်ရွက်ပေးနေသည့် တပ်ဖွဲ့ဖြစ်ခြင်းကြောင့် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အသိအမှတ်ပြုကြောင်း၊ သို့အတွက်ကြောင့် လိုအပ်သော အထောက်အပံ့များ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပေးအပ်ရာ တပ်ဖွဲ့ဝင်တစ်ဦးက လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။




# မြဝတီမြို့ ရွာသစ်ကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့အတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မတ် ၇ ရက် ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ ရွှေမြစန္ဒီတိုးချဲ့ကွက်သစ်နေရာမှ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ရွာသစ်ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်းရှိ ဒေါ်ဇင်မာထွန်း(ဘ) ဦးထွန်းကြည်၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်ဇင်မာထွန်းသည် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ကာ ၎င်း၏ နေအိမ်အနီးတွင် နေထိုင်သည့် အမျိုးသား သုံးဦး (စိုးရိမ်ရ) ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါသေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့/ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ်(၄၅/ မြမာလာရပ်)၊ ဦးပိုင်အမှတ်(၁၆၄-ခ) ၊ မြေဧရိယာ (၀.၀၈၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး၊အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ပွင့်ဖြူစိုး(ခ) ဒေါ်စန်းသိုစီ ၉/မကန(နိုင်)၁၀၉၄၇၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၂** - ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၀ ဒီဂရီဆဲလ်စီးယပ်စီနှင့် ရမည်းသင်းမြို့၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ ပျဉ်းမနားမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့တို့တွင် ၃၉ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## အမည်မှန်

ထားဝယ်မြို့၊ အိမ်ရှေ့ပြင်ရပ်နေ ဦးမျိုးလင်းထိုက်-ဒေါ်နှင်းယုတို့၏သား မဟာရွှေဂုဏ်ထူးကိုယ်ပိုင် အထက်တန်းကျောင်း Grade-8မှ မောင်အေးချမ်း၏ အမည်မှန်မှာ မောင်အေးချမ်းမျိုး ဖြစ်ပါသည်။

**မောင်အေးချမ်းမျိုး**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ရွှေပေးရပ်၊ အိမ်အမှတ်(၂၂၈)နေ ဦးကျော်ဇင်ထွန်း၏သမီး မဇင်နုလွှာ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်စာရင်းအရ ၂-၃-၁၉၉၅ ဖြစ်ပါကြောင်း။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/85783, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,ltd, ၃၇ လမ်း၊ ၈၂ x၈၃ကြား၊ ဟာ/မြေက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/15818, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကျေးရွာအုပ်စု၊ ပေပင်ကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၅၄/၃၀၄)၊ မြေဧရိယာ ဝ ဒသမ ၈၅ ဧကရှိ မြေကွက်အား ဒေါ်ထွေးကြည် အမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇)ရရှိထားပြီး အဆိုပါ ပုံစံ(၇) လက်မှတ်မှာ ပျောက်ဆုံးနေပါသဖြင့် အသစ်လျှောက်ထားနိုင်ရေး ဒေါ်ထွေးကြည် ၁၃/တယန(နိုင်)၀၃၀၇၂၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထွေးကြည်၁၃/တယန(နိုင်)၀၃၀၇၂၃**
**ပေပင်ကျေးရွာ၊ ပေပင်ကျေးရွာအုပ်စု၊**
**ပြင်ဦးလွင်မြို့နယ်**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီး ဌာနတွင် ပညာရေးဒီဂရီကောလိပ်(၂၅)ကျောင်းအတွက် စက်ပစ္စည်းများကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၃-၂၀၂၄ ရက်တွင် ဆရာအတတ်ပညာဦးစီးဌာန၊ ဘဏ္ဍာဌာနခွဲတွင် စတင်ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၂-၃-၂၀၂၄ ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဘဏ္ဍာဌာန၊ ဆရာ အတတ်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၃၀၉ နှင့် ၀၆၇-၃၄၀၇၂၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆရာအတတ်ပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၃၇)၊ စေတနာလမ်း၊ မြေကွက်အမှတ် (၁၀၀၁)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိ ဦးတင်ဝင်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (မြေကွက်အမှတ်(၁၀၀၀)နှင့် ကပ်လျက်ဘက်အခြမ်း) အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးတင်ဝင်း၏ဇနီး ဖြစ်သူ ဒေါ်တင်လှိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူပိုင် ဆိုင်ထားသူ ဦးသန့်လွင် ၈/မကန(နိုင်)၀၀၀၁၂၅ မှ မိမိသာလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သဲစုဝင်း** | **ဒေါ်ဇွန်မေဒေး LL.B** |
| **၁၂/ဒဂမ(နိုင်)၀၀၃၈၂၉** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၀)** |
| | **အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်စုမြ ၁၂/ရကန(နိုင်)၀၀၆၈၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေအား ဒေါ်မြင့်မြင့်ဝင်းက အင်းစိန်တွဲဖက်ခရိုင်(၂) တရားရုံး၌ တရားမကြီးမှုအမှတ်-၁၈၉/၂၀၂၂ အမှုတွင် ၎င်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ပတ္တမြားဝန်ဦးရွှေဘင်လမ်း၊ အမှတ်-၁၀၄ ရှိ ပေ(၄၀ x ၉၀) ကျယ်ဝန်းသော ဂိုဒေါင်နှင့် (၈၀ x ၅၀) ပေ အကျယ်အဝန်းရှိ ဆန်းရှိတ်ပါ မြေကွက်လပ်တို့ကို ငှားရမ်းထားခြင်းမှ နှင်ထုတ်စေလိုမှုကိုစွဲဆိုရာ ဒေါ်မြင့်မြင့်ဝင်းအား အသာပေးဆုံးဖြတ်ခဲ့သဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ကျေနပ်မှုမရှိ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပထမအယူခံမှုအမှတ်-၂၂၁/၂၀၂၃ အရ အယူခံတက်ရောက်ခဲ့ရာ လက်ခံထားပြီး နှစ်ဖက် အပြီးသတ်လျှောက်လဲချက်ကြားနာရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ဖြစ်၍ အမှုဖြစ်လျက်ရှိသော အထက်ပါမြေနှင့်ဂိုဒေါင်တို့နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးတရား လွှတ်တော်၌အယူခံမှုကို တင်သွင်းစွဲဆိုထားဆဲသာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သက်စုမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထိန် B.Sc., R.L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၅၁၊ ၂၃-၃-၈၇)**
**တိုက် (၃၅)၊ အခန်း (၂၁)၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ရှင်းလမ်း၊**
**(၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၄၉၅၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄/ညောင်နီ)၊ ကွင်း/အကွက် အမှတ် (၆၆၇/ညောင်နီအနောက်)၊ ဦးပိုင်အမှတ် (၁၉၃)၊ မြေဧရိယာ (၀.၄၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်နုနုလွင် (၈/ပမန(နိုင်)၀၀၁၉၀၆)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/67276, Honda C90, Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွန်းလဲ့ကြွယ် ၄/ဟခန(နိုင်)၀၂၄၇၇၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/ 63803, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့်ဌေး ၉/ခမစ(နိုင်)၀၀၄၉၂၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၆၃)နှင့်ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၁**

| | | |
|---|---|---|
| ဦးမြင့်သောင်းဦး | နှင့် | ဦးမင်းမင်းသန့် |
| **(တရားနိုင်)** | | **(တရားရှုံး)** |

ဦးမင်းမင်းသန့်၊ ပင်လိန်အရှေ့ကျေးရွာအုပ်စု၊ သပြေရေကျေးရွာ အနောက်ဘက်တိုးချဲ့ရွာမြေ၊ ပြင်ဦးလွင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃၆ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမြင့်သောင်းဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဆန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/7941 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-II/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၆၂/၁၃၁)၊ မြေကွက်အမှတ်(25-D)၊ မြေဧရိယာ ဝဒသမ ၀၉၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးကိုကိုဝင်း ၉/ခအဇ(နိုင်)၀၀၃၆၈၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၈၃-က)၊ မြေဧရိယာ(ဝဒသမ၀၇၁)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်မော်ဇီလန် ၉/မမန(နိုင်)၁၂၀၈၉၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၇၁၈၂, Honda Scoopy -110 ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/97482, Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မတရ(နိုင်) ၁၃၇၄၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၈၈၂၈, Honda Scoopy -110 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/46346, Kenbo - 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုးဇော် ၉/မနတ(နိုင်) ၁၀၁၄၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၄၆၅ နှင့်ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၂**

| | | |
|---|---|---|
| ဦးသန်းနိုင် | နှင့် | ဒေါ်အေးအေးရွှေ |
| **(တရားနိုင်)** | | **(တရားရှုံး)** |

ဦးမင်းမင်းသန့်၊ ပင်လိန်အရှေ့ကျေးရွာအုပ်စု၊ သပြေရေကျေးရွာ အနောက်ဘက်တိုးချဲ့ရွာမြေ၊ ပြင်ဦးလွင်မြို့ နယ် ( ယခုနေရပ်လိပ်စာမသိ) သူ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်)နေ့ မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဆန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/1767 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(ရ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၈+၉)၊ မြေဧရိယာ(ဝ ဒသမ ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝင်းထွဋ် ၉/ပဥလ(နိုင်)၀၃၅၀၉၉ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ လက်ပန်ကုန်းကျေးရွာအုပ်စု၊ လက်ပန်ကုန်းကျေးရွာ၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၃)၊ မြေဧရိယာ ( ၃.၀၀)ဧကရှိ မြေကွက်အား ဦးထွေးမြင့် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိထားပြီး အဆိုပါ ပုံစံ(၇)လက်မှတ်မှာ ပျောက်ဆုံးနေပါသဖြင့် အသစ်လျှောက်ထားနိုင်ရေး ဦးထွေးမြင့် (၉/မမန(နိုင်)၀၆၂၀၀၆)မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွေးမြင့် (၉/မမန(နိုင်)၀၆၂၀၀၆)**
**လက်ပန်ကုန်းကျေးရွာ၊ လက်ပန်ကုန်းကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/46081, Luojia- 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဝင်း ၉/မနတ(နိုင်) ၀၇၇၇၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

၄။ **တင်ဒါပေးသွင်းမည့်နေရာ** - ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၆၉၊ ၀၉-၄၂၀၇၄၀၀၉၈၊ ၀၉-၆၇၈၅၀၁၇၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် Digital Duplicator ၊ Laser Printer (A4) ၊ Multi Function image Class၊ Inkjet All in One Printer ၊ Digital Multi Function Copier With Feeder (A3)၊ Colour Copier With Feeder (A3)၊ Desktop Computer&UPS (Dell)၊ Laptop Computer (Dell)၊ File Rack များ ဝယ်ယူရန် ရှိပါသဖြင့် ၂၈-၃-၂၀၂၄ ရက်တွင် ပစ္စည်းများအားလုံးပေးသွင်းနိုင်သည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့် ရက်၊ အချိန်** - ၁၃-၃-၂၀၂၄ (၁၀:၀၀)နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်** - ၂၁-၃-၂၀၂၄ (၁၆:၃၀)နာရီ
**တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၁၃)၊ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၉၃

| | | |
|---|---|---|
| ဒေါ်နန်းအိအိမွန် | နှင့် | ၁။ ဦးမြအုန်း |
| | | ၂။ ဦးမောင်မောင်သန်း |
| | | ၃။ ဒေါ်စန်းနွယ် |
| | | ၄။ ဒေါ်ခင်ထားရီ |
| | | ၅။ ဒေါ်ခင်ထားဖြူ |
| | | ၆။ ဒေါ်ခင်ထားနီ |
| | | ၇။ ဒေါ်ခင်မျိုးကြည် |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၃/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ လျှပ်စစ်ဝန်းနေ အယူခံတရားပြိုင် (၃) ဒေါ်စန်းနွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလကွယ် ၆ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(သိမ်ဖြူဘဏ်ခွဲ) နှင့် ၁။ ဦးနေအောင်
( ၎င်းကိုယ်စား ဦးထင်အောင်ဝင်း- ၂။ ဒေါ်ငယ်ငယ်ထွေး
Assistant Vice President)

(တရားလို) (တရားပြိုင်များ)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၃ x ၆၄ လမ်းကြား၊ ၂၇-လမ်း၊ အမှတ်-၂ နေ (၁)တရားပြိုင် ဦးနေအောင်နှင့် (၂)တရားပြိုင် ဒေါ်ငယ်ငယ်ထွေး "ရွှေမန္တလေး" ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ)(၎င်း၏ကိုယ်စား၊ ဦးထင်အောင်ဝင်း- Assistant Vice President) က "အငှားဝယ်ယူသည့် မော်တော်ယာဉ်များအတွက် ဘဏ်သို့ပေးသွင်းရန်ပျက်ကွက်သည့် ဘဏ်ချေးငွေစာရင်း၊ ကျသင့်အတိုးနှင့် နောက်ကျဒဏ်ကြေးများအပါအဝင် ဘဏ်ကြွေးငွေ စုစုပေါင်းကျပ် (၇၅၆,၃၆၂,၁၅၉.၆၄) (ကျပ်သိန်းခုနစ်ထောင့် ငါးရာခြောက်ဆယ့်သုံးသိန်း ခြောက်သောင်းနှစ်ထောင့်တစ်ရာငါးဆယ့်ကိုးကျပ်နှင့် ခြောက်ဆယ့် လေးပြားတိတိ)ရလိုမှု (သို့မဟုတ်) အငှားဝယ်ယူထားသည့် မော်တော်ယာဉ်များ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၂) လမ်း၊ အမှတ်(၂၅၀/ခ)၊ (၅-လွှာ)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးသိန်းတန် ၆/မအရ(နိုင်) ၀၁၀၀၀၆၊ ဒေါ်အေးအေးမွန် ၇/ထတပ(နိုင်)၀၄၃၁၈၈ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဒေါ်သဲဦးရတနာဝေ ၁၂/ဒဂဆ(နိုင်)၀၀၆၀၇၇ က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** **ဒေါ်ခင်စောသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/37637, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်စိုး ၉/ပမန(နိုင်)၁၇၉၃၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/4963, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၆/သရခ(နိုင်)၀၆၇၁၅၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၉၉၀၃ အမျိုးအမည် Honda Click 125 အမျိုးအစား m/c. ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းညွန့် ၆/ပလန(နိုင်)၀၁၀၈၈၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၇၅၉၆, Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်စင်အောင် ၆/ထဝန(နိုင်)၀၈၅၇၄၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်တွင်းကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဦးဘိုဝင်း နှင့် ၁။ မမို့မို့ဝင်း(ခ)ဒေါ်စိန်သီ
၂။ မငြိမ်းငြိမ်းထွေး
၃။ မရင်ရင်စိန် ၄။ ဦးစိန်အောင်
၅။ ဒေါ်စိန်ကြည် ၆။ ဦးဖိုးစံ
၇။ ဒေါ်စိန်မှီ ၈။ဒေါ်မီးမီး(ခ)ဒေါ်မိငယ်

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဆင်ဘိုရပ်ကွက်နေ ဒေါ်မီးမီး(ခ) ဒေါ်မိငယ်(ဘ)ဦးထွန်းငွေ (ယခုနေရပ် လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဘိုဝင်းက အမွေပုံပစ္စည်း အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပိုင်မင်းဇံ )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်တွင်းကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ပန်းခြံလမ်းနေ ဒေါ်ဝင်းဝင်းအောင် (ဘ)ဦးအောင်သန်းချို ၁၀/မလမ(နိုင်)၂၀၅၄၁၉ သည် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော ကော့သောင်းမြို့၊ ရွှေပြည်စိုး(အေးချမ်းမြိုင်) အကွက်အသစ်၊ အကွက်အမှတ်(၆၈၄)၊ မြေကွက်အမှတ်(၂၈၈)၊ (၄၀ x ၆၀)ပေရှိ ကြည်း(၆၂၂၄၅၂)တကကက စိုးကြည် ၁၀/သထန(နိုင်) ၀၁၇၅၃၀ အမည်ဖြင့် ထုတ်ပေးထားသော ရေးဦးမြေပေးအမိန့်မူရင်းမှာ သိမ်းထားစဉ်အတွင်း ပျောက်ဆုံးနေပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရေးဦးမြေပေးအမိန့်မိတ္တူအားလုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရန်အတွက် ကန့်ကွက်ရန်ရှိပါက စတင်ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းအောင်**
**၁၀/မလမ(နိုင်) ၂၀၅၄၁၉**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၈)၊ ဒိုးကွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀၈) ကွင်းအမည်-ထုံးဘိုဒိုးကွင်၊ ဦးပိုင်အမှတ်(၂၈/က)၊ မြေဧရိယာ (၂.၁၀)ဧက ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်အမည်ပေါက် ဒေါ်မြကြည် (D.L-၀၇၉၀၅၁) မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ယင်းမြေကွက်အတွင်းမှ မြေဧရိယာ (၀.၆၄) ဧကအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်း (၁၂/သဃက (နိုင်) ၀၃၄၆၇၂)က ဆက်စပ်အရောင်းအဝယ် စာချုပ်များဖြင့် ပိုင်ဆိုင်ခဲ့သော ဒေါ်သီတာထွေး (၉/မနမ(နိုင်)၀၀၀၅၁၈) ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပေါ်ဦး**
**(စဉ်-၁၅၁၃၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆၁)၊ ပြည်တော်သာ(၄)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း-၀၉-၄၂၈၃၂၃၉၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃/ ၁၅၊ နန္ဒဝန်ကွက်သစ်၊ ဦးပိုင်အမှတ်(၅၈)၊ မြေဧရိယာ(၀ ဒသမ ၁၅၂)ဧကရှိ မြေသည် ဒေါ်စိုးမမကျော်အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ်၊ RP No.၃၃ V of 1958-1959(30 Year)သက်တမ်းမှာ (၁၁-၁၂-၂၀၁၄)မှ (၁၀-၁၂-၂၀၄၄)ရက်ထိဖြစ်ပြီး (၁၄-၉-၂၀၂၃)ရက်တွင် ဒေါ်စိုးမမကျော် ၉/မနမ(နိုင်) ၁၀၆၁၂၉မှ ဦးသန်းထွန်း ၅/စကန(နိုင်)၀၃၀၄၀၇ သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပြီး (၂-၁၁-၂၀၂၃) ရက်တွင် ဒေါ်စိုးမမကျော်မှ (အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးသန်းထွန်းမှ လက်မှတ်ရေးထိုးသည်) ဦးထွန်းနေဦး ၅/စကန(နိုင်) ၁၅၅၉၃၉၊ ဦးကောင်းမြတ်ထွန်း ၅/စကန(နိုင်) ၁၉၈၁၃၀၊ ဒေါ်မေသန်းထွန်း ၅/စကန(နိုင်) ၂၀၀၆၇၈ တို့သို့မြေကွက်အရောင်းအဝယ်စာချုပ် တရားဝင်ချုပ်ဆိုရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ ဂရန်မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းနေဦး ပါ(၃)ဦးတို့အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်
## အောက်မေ့သတိရ ဝတ်ပြုကိုးကွယ်ခြင်း

**ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး မောင်မောင်အေး (ငြိမ်း)၊**
ဒုတိယဝန်ကြီး(ငြိမ်း)၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန
မော်ကွန်းဝင် တတိယဆင့်၊ ကြည်း -၆၄၄၄- ဗိုလ်သင်တန်း အမှတ်စဉ် (၈)၊
(၂၇-၆-၁၉၂၆)မှ (၁၀-၉-၂၀၁၁)
**ဒေါ်မာမာဝေ(ခ)နော်ရှီစာတင်**
သူနာပြုဆရာမကြီး (ငြိမ်း)၊ တပ်မတော် အမှတ် (၂)စစ်ဆေးရုံကြီး
(၂၂-၉-၁၉၃၂)မှ (၁၀-၃-၂၀၂၂)

ကျွန်တော်/ကျွန်မတို့၏ မိဘများကို အောက်မေ့သတိရလျက် ဘုရားသခင်၏ ကျေးဇူးတော်များကို ချီးမွမ်းလိုပါသဖြင့် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်နိုင်ပါရန် မိသားစုများ၊ ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၅-၃-၂၀၂၄ ရက်(သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီ
**ကျင်းပမည့်နေရာ** - အဂ္ဂပေခန်းမ၊
ယုဒသန်နှစ်ခြင်းအသင်းတော်
**Zoom ID: 81824323821**
**Password: imyf**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/18449, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအောင် ၇/သကန(နိုင်)၀၆၃၇၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နေ အဖ(ဦးသန်းမြင့်) မိခင် ဒေါ်ခင်မိမိတို့၏ သမီးဖြစ်သူ မအိအိခင် (၇/အတန(နိုင်) ၀၉၄၆၇၃)အား ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိမိ**
**(၇/အတန(နိုင်)၀၀၆၀၁၃)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/3078, Pyay Light Truck, P/U ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၇/ပမန(နိုင်)၁၁၆၂၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/10006, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၇/သကန(နိုင်)၁၅၆၄၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်း(မြောက်)မြို့နယ်၊ အမှတ်(၂၃)၊ မြေနုလမ်းတွင်နေထိုင်သည့် ကျွန်တော် ဦးကျော်ကျော်ဝင်း(ဘ)ဦးကျော်မြင့်(ခ) ရန်ဟောင်ချန် ၉/မရတ(နိုင်)၁၀၆၇၀၂ သည် အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ကော့သောင်းမြို့၊ ရွှေပြည်စိုး(အေးချမ်းမြိုင်) အကွက်အသစ်၊ အကွက်အမှတ်(၆၈၄)၊ မြေကွက်အမှတ်(၄၅၇)၊ (၄၀x၆၀)ပေရှိ ဒေါ်နီနီဝင်း (ဘ)ဦးမျိုးညွန့် ၁၂/လမတ(နိုင်)၀၂၈၆၉၄ အမည်ဖြင့် ထုတ်ပေးထားသော ရေးဦးမြေပေး အမိန့်မူရင်းမှာ သိမ်းထားစဉ်အတွင်းပျောက်ဆုံးသွားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရေးဦးမြေပေးအမိန့်မိတ္တူအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရန်အတွက် ကန့်ကွန်ရန်ရှိပါက စတင်ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဝင်း**
**၉/ရမတ(နိုင်)၁၀၆၇၀၂**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ စံပြကျေးရွာနေ (ဘ) ဦးစံသောင်း ၈/ပဖန(နိုင်)၀၁၂၅၇၉ ၏ သား မောင်နိုင်လင်း ၈/ပဖန(နိုင်)၁၀၂၇၇၇ သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစံသောင်း**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့်
## ပစ္စည်းခန်းခွဲဝေပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၂၉၆)နေ ကိုအောင်လွင်ဦး(ဘ)ဦးမောင်ရင် ၁၂/ဒဂမ(နိုင်)၀၂၀၇၉၉ နှင့် မလွင်လွင်ကြည်(ဘ)ဦးလှမြင့် ၁၂/ဥကမ(နိုင်)၁၅၂၃၃၀ တို့သည် (၃၀-၁-၂၀၂၄)ရက်တွင် မြောက်ဒဂုံတရားရုံးတွင် စာအမှတ်(၁၇/၂၄)ဖြင့် နှစ်ဖက်သော အသိသက်သေရှေ့မှောက်တွင် မြန်မာဓလေ့ထုံး တမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပါသည်။ ထို့နောက် လင်မယားကွာ ရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ပစ္စည်းခန်းများလည်း ခွဲဝေခဲ့ပါသည်။ နှစ်ဦးပိုင်လက်ထပ်ပွား ပစ္စည်းဖြစ်သော အမှတ်(၂၉၆)၊ တောင်ထိပ်ပန်းလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကိုအောင်လွင်ဦး အမည်ပေါက် ဧရိယာ(၂၀ x ၆၀)ပေ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ (၂)ထပ်တိုက် အဆောက်အအုံကို ၎င်းတို့နှစ်ဦးမှ မွေးဖွားခဲ့သော သား (၁) မောင်ရှင်းသန့်အောင်၊ (၂)မောင်သတိုးတေဇတို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းပြီးဖြစ်ပါသည်။ ထို့ကြောင့် ကိုအောင်လွင်ဦးနှင့် မလွင်လွင်ကြည်တို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မလွင်လွင်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနှင်းအေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၅၆၇)**
**အမှတ်(၃၁/က)၊ ဟားခါးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၇၇၂၅၆၅၀၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အောင်စေတနာတိုးချဲ့၊ အိမ်အမှတ်(၈၃)နေ ဒေါ်လှဲ့ယဉ်ဝင်းခိုင် ၁၃/လရန(နိုင်)၁၂၁၂၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင်အမှတ်(၂၉)၊ မြေချိန်ဧရိယာ(၀.၁၁၀)ဧကရှိ ဦးအာကာဦး ၉/ပဘန(နိုင်)၁၅၇၆၇၅ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့ယဉ်ဝင်းခိုင်မှ စရန်ငွေတချို့တစ်ဝက်အား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးသီရိမွန်(LL.B) တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၆၆၀/၂၇-၂-၂၀၁၄**
**လားရှိုးမြို့။ ဖုန်း- ၀၉-၄၀၃၇၀၆၆၆၀**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းမောင်(ဗိုလ်မှူးကြီး- ငြိမ်း)
## ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
## ပြန်ကြားရေးဝန်ကြီးဌာန
## အသက်(၈၅)နှစ်

ပြန်ကြားရေးဝန်ကြီးဌာနတွင် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဦးသန်းမောင်သည် ၁၀-၃-၂၀၂၄ရက် ည ၁၁:၅၃နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

ဒေါ်စန်းစန်းမိုး **နှင့်** ဒေါ်လှမြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၆၉/ခ)နေ ဒေါ်လှမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းမိုးက "ကတိပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

သာယာဝတီမြို့၊ ကျောင်းစုရပ်ကွက်၊ ဓမ္မာရုံလမ်းသစ်တန်းလမ်းရှိ အကွက်အမှတ်(C-4)၊ ကျောင်းစုမြောက်ရပ်၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀.၀၉၁)ဧကရှိ မြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်အုတ်ညှပ်အိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သံစဉ်မှဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်သူဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ဒေါ်သံစဉ်၇/သဝတ နိုင်) ၁၁၉၇၈၉က မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုလျှင် စာရွက်စာတမ်းအထောက်အထား (မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာဌာနများတွင် မြေငှားဂရန်အသစ်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(မြို့နယ် ထွေ/အုပ်၊ ၀၅ ၅၂၃၀၀၃၆)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၆၂၈၉, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမင်း ၉/မတလ (နိုင်) ၀၉၈၄၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/79467, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၉၂၉၈၉, Yunde YD-110-60 ယာဉ်လက်ဝယ်ရှိသူ Myanmar La Warsa Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/57358 , RYU KA-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကြီး ၁၂/သဃက (နိုင်)၀၀၅၄၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဦးစန်းမောင်
### ပညာရေးတက္ကသိုလ် (ရူပဗေဒဌာန)၊ ကျောင်းအုပ်ကြီး(ငြိမ်း) လုပ်သားများကောလိပ်
### အသက် (၈၈)နှစ်

ပွင့်ဖြူမြို့နယ်နေ (ဦးမြို့-ဒေါ်သိမ်း)တို့၏သား၊ ရေနံချောင်းမြို့နေ (ဦးထွန်းရင်-ဒေါ်လှရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ ၈လမ်း၊ အမှတ် (၁၀၃/၁)နေ ဒေါ်တင်တင်၏ခင်ပွန်း၊ ဒေါက်တာစန်းမြတ်သွယ်၊ ဦးရည်မွန်-ဒေါ်မြတ်သန္တာအောင်တို့၏ဖခင်ကြီးသည် ၁၁-၃-၂၀၂၄ရက်၊ (တနင်္လာနေ့)၊ ည ၁၁:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၄ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် (၈:၃၀)နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၄ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၇ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လယ်လယ်စိုး
### (ဒုတိယညွှန်ကြားရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
### အသက်(၅၆)နှစ်

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ (ဦးစိုးမြင့်-ဒေါ်မြတင်)တို့၏သမီး၊ ဒေါ်စန္ဒာစိုး၏ညီမ၊ ဒေါ်ချောစိုးမြင့်၊ ဒေါ်နုယဉ်စိုး၊ ဒေါ်ရည်မွန်စိုး၊ ဒေါ်ငြိမ်းစိုးမြင့်တို့၏အစ်မ၊ မဖြူစင်သန့်၊ မောင်အောင်ဘုန်းတင့်တို့၏မွေးမိခင် ကျေးဇူးရှင် ဦးညီညီလွင်၏ဇနီးသည် ၁၂-၃-၂၀၂၄ရက်(အင်္ဂါနေ့) နံနက် ၁:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ(၁)နာရီတွင် ပုသိမ်ကြီးမြို့နယ်ရှိ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3S/1924 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(ခ-၈)၊ မြေအကျယ်ပေ(၆၀x၄၀)ရှိ မြေကွက်မှာ ပြင်ဦးလွင်မြို့ မြို့မြေနေရာချထားရေးကော်မတီ၏(၁၄-၂-၂၀၀၅)ရက် စွဲပါမြေချထားပေးသည့်အမိန့်အမှတ်စဉ်(1584)အရ ဗက နိုင်ဝင်း (၉/မမန(နိုင်)၀၀၈၇၈၁)မှ အမည်ပေါက်ပါသည်။ အထက်ပါ အမည်ပေါက်သူ ပိုင်ဆိုင်ခဲ့သော ဗက နိုင်ဝင်းထံမှ ဒေါ်မေဥမ္မာသိန်းသည် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူနေထိုင် ပိုင်ဆိုင်လျက်ရှိသူဖြစ်၍ ၎င်း၌ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသောမြေကွက်နှင့်နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဒေါ်ဆွေဆွေဝင်း(ဘ)ဦးသိန်း (၉/မရမ(နိုင်)၀၇၀၄၇၈)၊ (၂) ဒေါ်အေးအေးဝင်း(ဘ)ဦးသိန်း (၉/မရမ(နိုင်)၀၇၀၄၇၉)တို့မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **(၁) ဒေါ်ဆွေဆွေဝင်း (၂) ဒေါ်အေးအေးဝင်း** | **ဦးထွန်းထွန်းဦး (LL.B,IP Law (WIPO)** |
| **၉/မရမ(နိုင်)၀၇၀၄၇၈ ၉/မရမ(နိုင်)၀၇၀၄၇၉** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၇၀)** |
| **အမှတ်(၂၁၅)၊ ၃၂ လမ်း၊ ၈၀ x ၈၁** | **အမှတ်(၁၁၆)၊ ရွှေဘုံသာလမ်း၊** |
| **လမ်းကြား၊ မန္တလေးမြို့။** | **(၂၈)သုမင်္ဂလာရပ်၊ ရပ်ကွက်ကြီး(၂)၊** |
| | **ပြင်ဦးလွင်မြို့။ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၁၁၇၊ ဒ-၆၁၁၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိဦးသက်ဆွေထွန်း(ဘ) ဦးမြင့်မောင်အေး ၉/မခန(နိုင်)၁၅၇၈၅၃ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသက်ဆွေထွန်းမှ ဦးမျိုးမင်းဇော် (ဘ) ဦးပိန် ၁၂/ကမတ(နိုင်)၀၄၇၆၆၂ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၇၀၀၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ဥမ္မာ (ဘ) ဦးစိုင်းရည်မွန် ၁၂/လမန(နိုင်)၀၂၆၃၈၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဥမ္မာ ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် ၈၀၀၃/၂၀၂၃ (၅-၅-၂၀၂၃) ရရှိထားသူ ဦးဖွဲ့လတ်နိုင် (ခ)ဖွဲ့မာန်ကြည်မြင့် (ဘ) ဦးကြည်မြင့် ၆/သရန(နိုင်) ၀၇၃၃၇၈ မှ ဒေါ်မြင့်မြင့်နိုင် (ဘ) ဦးအုန်းကြွယ် ၁၄/ပသန(နိုင်)၀၁၀၃၀၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပြုံး
## အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၃/b)C7နေ(ဦးဝဲ-ဒေါ်ဆုံ)တို့၏သမီး၊ (ဦးကံအေး)၏ဇနီး၊ ကိုဝင်းကြိုင်-မမေဇင်ဦးတို့၏ ကျေးဇူးရှင် မိခင်ကြီးသည် ၁၂-၃-၂၀၂၄ရက်(အင်္ဂါနေ့) နံနက် ၁၀:၃၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၃-၂၀၂၄ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါ သည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၄ရက်(တနင်္လာနေ့)တွင် စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ အမှတ်(၃/b)C7နေအိမ်သို့ နံနက် ၉ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်နေလင်း
## အသက်(၆၅)နှစ်

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ အတွင်းရေးမှူး(၁) ဦးကျော်နေလင်း အသက်(၆၅)နှစ် သည် ၁၁-၃-၂၀၂၄ရက် (တနင်္လာနေ့) ညနေ ၄နာရီခန့်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ဦးရဲမင်းလွင်
## (Chief Officer) (B.E Mechanical)
## အသက် (၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အောင်မြေသာရပ်ကွက်နေ ဦးသိန်းလွင်-ဒေါ်စိန်စိန်တို့၏သားလတ်၊ ဦးလှမောင်မောင်-(ဒေါ်ခင်ဌေး)တို့၏သားသမက်၊ ဒေါ်သီသီလွင်၏မောင်၊ ဦးဇော်မင်းလွင်-ဒေါ်ချိုချိုမြင့်တို့၏အစ်ကို၊ ပဲခူးမြို့၊ စက်ပိုင်း(၄)လမ်း၊ အမှတ်(၁၄၁၀)နေ ဒေါ်ခင်ဌေးမောင်၏ ခင်ပွန်း၊ မောင်မင်းသူရိန်ဟန်၊ မောင်ဝင်းသူရိန်ဟန်တို့၏ ဖခင်ဖြစ်သူ ဦးရဲမင်းလွင် (Chief Officer) (B.E Mechanical) အသက်(၅၆)နှစ်သည် (၉-၃-၂၀၂၄)ရက်၊ (စနေနေ့)၊ နံနက်(၁)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၁-၃-၂၀၂၄)ရက်၊ (တနင်္လာနေ့)၊ နံနက်(၁၁)နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါ ဒေါ်ခင်ဌေးမောင်၏ နေအိမ်တွင် (၁၅-၃-၂၀၂၄)ရက်၊ နံနက်(၇)နာရီမှ (၁၀)နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာပါမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၁၁၀ ဧက)ရှိ မြေကွက်အမှတ် (ပ-၂၂၂၇၇)ကို အမည်ပေါက် ဒေါ်ဝင်းပပဇော် (ဘ)ဦးခင်ဇော် ၁၂/သဃက(နိုင်)၀၇၆၇၂၇မှ ဒေါ်နွေမာစိုး (ဘ)ဦးမောင်ကျော်နိုင် ၁၁/ဘသတ(နိုင်)၀၂၁၉၂၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး ( ၄ )၊ ကွင်း/အကွက်အမှတ် (၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ် (၇၁)၊ မြေဧရိယာ (၀.၁၁၈) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်ကျော်အောင်(ခ)အားဖု (၉/မမန(နိုင်)၀၇၇၅၇၅)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၇၀-ခ)၊ မြေဧရိယာ(၀ဒသမ၄၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ကျင်စိန် ပါ(၁၀)ဦး ၉/မမန(နိုင်)၀၂၉၃၂၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

မန္တလေးမြို့ ၊ NPS Private School ၊ Grade-3 တွင် ပညာသင်ကြားခဲ့သော (ဘ)ဦးဝေလင်းဖြိုး (၁၄/ပခမ(နိုင်) ၁၅၆၃၀၇) ၏ သမီးဖြစ်သူ မခိုင်သီရိထက်စံအား ယနေ့မှစ၍ မခိုင်ငြိမ်းစံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်ငြိမ်းစံ**

## အမည်ပြောင်း

မန္တလေးမြို့၊ NELC Nelson English Language Centre ၊ မူကြို တွင် ပညာသင်ကြားနေသော (ဘ) ဦးဝေလင်းဖြိုး ၁၄/ပခမ(နိုင်) ၁၅၆၃၀၇၏ သမီး မသီရိခေတ်အား ယနေ့မှစ၍ မမေသော်တာထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသော်တာထွန်း**

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ရွာသစ်ကုန်းကျေးရွာနေ ဦးအောင်သူ ၁၄/အဂပ(နိုင်)၁၃၄၂၈၈နှင့် ဇနီး ဒေါ်ဥမ္မာဌေး ၁၄/အဂပ(နိုင်) ၁၃၃၆၆၀တို့သည် ၁၈-၅-၂၀၂၂ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်း ပြတ်စဲပြီးစီးပြီဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

**ခင်ပွန်း-ဦးအောင်သူ**
**၁၄/အဂပ(နိုင်) ၁၃၄၂၈၈**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေး လမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြုလုပ်သော (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL Cup အုပ်စုပြိုင်ပွဲ ကြိုကြန်ပွဲတွင် တက္ကသိုလ်အသင်းကို GFA အသင်း အနိုင်ရ

ရန်ကုန် မတ် ၁၂

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (က)မှ ကြိုကြန်ပွဲဖြစ်သည့် တက္ကသိုလ်အသင်းနှင့် GFA အသင်းပွဲကို မတ် ၁၂ ရက်က YUSC ကွင်း၌ကျင်းပရာ GFA အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

GFA အသင်းသည် ကြိုကြန်ပွဲတွင် အနိုင်ရခဲ့သဖြင့် ရမှတ် ခြောက်မှတ်ရရှိထားပြီး ရန်ကုန်နှင့် မဟာယူနိုက်တက်တို့ကို ဖိအားပေးနိုင်ခဲ့သည်။ တက္ကသိုလ်အသင်းမှာမူ ပထမအကျော့ လေးပွဲစလုံး ကစားထားပြီး တစ်ပွဲသာအနိုင်ရထားသဖြင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ *စာမျက်နှာ ၁၅ ကော်လံ ၁* ■



တက္ကသိုလ်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ချယ်ဆီးကွင်းလယ်တိုက်စစ်ကစားသမား ပဲလ်မာ နယူးကာဆယ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

## နယူးကာဆယ်ကို အကြိတ်အနယ်ကစားပြီး ချယ်ဆီးအသင်း အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၈) မှ ချယ်ဆီးနှင့် နယူးကာဆယ်အသင်းပွဲစဉ်ကို မတ် ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ချယ်ဆီးအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်ဆီးအသင်းရော နယူးကာဆယ်အသင်းပါ နိုင်ပွဲရရေး ဦးတည်လာသည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ *စာမျက်နှာ ၁၇ ကော်လံ ၅* ❂

## ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်



ရန်ကုန် မတ် ၁၂

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲအတွက် မတ် ၁၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၁ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် *စာမျက်နှာ ၁၈ ကော်လံ ၃* ❋

### ယနေ့ သတင်း အညွှန်း

**အင်ဒိုနီးရှားနိုင်ငံ၌ မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၆ ဦးထက် မနည်းသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေ**



နိုင်ငံတကာသတင်း စာ ၁၄

**မြန်မာမိန်းကလေးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်**

ပြည်တွင်းသတင်း စာ ၁၇